# ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (29-10-2008) (၅၉၄၆)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## တူရကီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာ ဂူး(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General, Zhang Li အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း
## တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်
## ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယမန်နေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတူ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် စစ်သံမှူး Senior Colonel, Fan Lianfeng တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း
## တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်
## ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။**

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪**

ကြေးမုံ The Mirror

၂၉-၁၀-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

# သီးနှံစိုက်ပျိုး အကျိုးပြု ဆည်၊ ကန်၊ တမံငယ်များ ဖွင့်လှစ်

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် စိုက်ပျိုးမြေ ကျယ်ပြန့်စွာရှိသော်လည်း ယခင်က မိုးရေကိုသာ မျှော်ကိုး စိုက်ပျိုးခဲ့ရသဖြင့် စိုက်ပျိုးထုတ်လုပ်မှု အားနည်းခဲ့သည်။ ယနေ့ကာလတွင် နိုင်ငံတော်က မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး အစီအမံများနှင့် ဆည်၊ ကန်၊ တမံငယ်များစွာကို တည်ဆောက်ပေးလျက်ရှိရာ ဆည်ရေဖြင့် သီးနှံစိုက်ပျိုးအကျိုးဖြစ်ထွန်းနေကြပြီဖြစ်သည်။

မကွေးတိုင်းသည် မိုးနည်းရေရှားရပ်ဝန်းတစ်ခုဖြစ်ရာ စိုက်ပျိုးရေ လုံလောက်စွာ ရရှိသည်နှင့်အမျှ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်က အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသ၏ ရေအရင်းအမြစ်ရရှိနိုင်မှု အခြေအနေများကို အစွမ်းကုန်ကြိုးပမ်း ဖော်ထုတ်လျက်ရှိသည်။

ပခုက္ကူမြို့နယ် စဘေရွာသစ်ကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသည့် စဘေရေလှောင်တမံကို အောက်တိုဘာလ ၂၃ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ မကွေးတိုင်းအတွင်း စဘေရေလှောင်တမံ အပါအဝင် ဆည်၊ ကန်တမံငယ် ၄၂ ခု တည်ဆောက်ပြီးစီးခဲ့၍ ဆည်ရေသောက်ဧရိယာ ဧက ၂၆၀၀၀၀ ကျော်အထိ တိုးတက်လာလျက် ရှိသည်။

စဘေရေလှောင်တမံ ဖွင့်လှစ်နိုင်သည့်အတွက် ပတ်ဝန်းကျင်ကျေးရွာများသို့ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ရာ စပါးနှင့် အခြားသီးနှံ ဧက ၄၀၀ကျော် တိုးချဲ့စိုက်ပျိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

မကွေးတိုင်းအတွင်း မုန်းချောင်းတစ်လျှောက်၌လည်း ရေလှောင်တမံစီမံကိန်းများကို တည်ဆောက်လျက်ရှိရာ စိုက်ပျိုးရေ၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးတို့အတွက် အကျိုးပြုလျက်ရှိပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ဆည်တမံပေါင်း နှစ်ရာကျော်ကို တည်ဆောက်ဖွင့်လှစ်ထားပြီးဖြစ်ရာ ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာများပြားလာပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုလည်း တိုးတက်လာလျက်ရှိသည်။ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူများက ဆည်ရေကိုအသုံးပြု၍ စပါးနှင့် ရာသီအလိုက် သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်း၊ ရေပေးတူးမြောင်းများ၊ ရေဝေရေလဲသစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်နေစေရေး ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြင့် ဒေသဖွံ့ဖြိုးအကျိုးဖြစ်ထွန်းမှု ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ။



# ICT အထောက်အကူပြု သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၂၈**

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် Soft Guide Company Ltd. တို့ပူးပေါင်း၍ ICT Development အထောက်အကူပြုသင်တန်း အမှတ်စဉ် (၁/ ၂၀၀၈)ကို အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ကွန်ပျူတာခန်းမ၌ အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ရာ ဆရာ၊ဆရာမ ၁၀၀ တက်ရောက်ခဲ့သည်။ ယင်းသင်တန်းတွင် e-Government ရှေ့ပြေးလုပ်ငန်းစဉ်များနှင့် School Projects, Web Page တည်ဆောက်ခြင်း အကြောင်းအရာများကို သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့ရာ Soft Guide Company Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းညွန့်နှင့် တာဝန်ရှိသူများတက်ရောက်ပြီး အမှတ်(၃)အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ **(အပေါ်ပုံ)**ကဆုရရှိသူများနှင့် သင်တန်းသား၊သင်တန်းသူများကို ဆုများ၊ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးခဲ့သည်။ (ပညာရေး)

| | |
|---|---|
| **ပြည်သူ့ သဘောထား** | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။<br>✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |





**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကမာနတ် (ပဲခူး)-မြောင်းတကာ ဓာတ်အားလိုင်း တာဝါတိုင်များ လိုင်းကြိုးသွယ်တန်းချိတ်ဆက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(အမှတ်-၂၊ လျှပ်စစ်)

# မဟာဓာတ်အားလိုင်း သွယ်တန်းချိတ်ဆက်မှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၈

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင်ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မြောင်းတကာ ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး ကမာနတ်(ပဲခူး)-မြောင်းတကာ 230 KV Twin Bundle Single Circuit ဓာတ်အားလိုင်း တာဝါတိုင် အမှတ်(၁၈၀)မှ (၁၈၆)အထိ လိုင်းကြိုးသွယ်တန်းချိတ်ဆက်ခြင်းကို လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ရွှေတောင်-မြောင်းတကာ 230 KV မဟာဓာတ်အားလိုင်း ချိတ်ဆက်ဓာတ်အားပို့လွှတ်မှုအခြေအနေ၊ မြောင်းတကာနှင့်လှော်ကားဓာတ်အားလိုင်း ($L_1$) ($L_2$) ($L_3$)တို့အား Switch Yard တွင် Diversion ပြုလုပ်၍ အပြန်အလှန်ဓာတ်အားပို့လွှတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် မြောင်းတကာပင်မဓာတ်အားခွဲရုံ Switch Yard ရှိ Bus Bar များနှင့် ဓာတ်အားလိုင်းများ ချိတ်ဆက်ထားရှိမှု၊ ရွှေတောင်-မြောင်းတကာနှင့် လှော်ကားဓာတ်အားလိုင်းများ Diversion ပြုလုပ်၍ အပြန်အလှန် ချိတ်ဆက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားအဝင်အထွက် လက်ခံဖြန့်ဖြူးမှုနှင့် 33 KV အထွက် ဖီဒါ(၅)ခုဖြင့် ဓာတ်အားဖြန့်ဖြူးပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခွဲရုံရှင်းလင်းခန်းမ၌ ဝန်ကြီးအား စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်က ကမာနတ်(ပဲခူး)-မြောင်းတကာ 230 KV မဟာဓာတ်အားလိုင်း Twin Bundle Single Circuit Line မိုင်(၄၀)ကို တာဝါတိုင် (၁၈၆)တိုင် တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကမာနတ် (ပဲခူး)-သန်လျင် 230 KV မဟာဓာတ်အားလိုင်း(၆၁)မိုင်ကို တာဝါတိုင် (၂၇၂)တိုင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သာကေတ-သန်လျင် 230 KV Twin Bundle Double Circuit မဟာဓာတ်အားလိုင်း (၇ဒသမ၅)မိုင်ကိုတာဝါတိုင်(၃၆)တိုင် တည်ဆောက်ခြင်းနှင့် တိုင်ထူ/ကြိုးဆွဲခြင်း လုပ်ငန်းများ အချိန်မီပြီးစီးစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက 230 KV မဟာဓာတ်အားလိုင်း သွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြောင်းတကာ ဓာတ်အားခွဲရုံမှ ရွှေတောင်နှင့် လှော်ကား ဓာတ်အားလိုင်းများ အပြန်အလှန် ချိတ်ဆက်ခြင်းနှင့်ဓာတ်အား ပို့လွှတ်ခြင်းလုပ်ငန်းများ စနစ်တကျရှိရေးနှင့် အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး မှာကြားပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန် စက်မှုတက္ကသိုလ်နှင့် ရန်ကုန် နည်းပညာ တက္ကသိုလ်တို့မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရကျောင်းသား၊ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ပြည်တွင်း၊ပြည်ပ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၇ ရက်(စနေနေ့) နံနက် ၉ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ကျောင်းသူဟောင်းများ အနေဖြင့် ကိုအုန်းကျော် ဖုန်း-၀၉-၅၁၇၁၆၂၂၊ ကိုကျော်လင်း ဖုန်း-၀၉-၅၀၁၀၃၈၅၊ ကိုမောင်မောင်မြင့် ဖုန်း-၀၉-၈၀၃၃၁၃၃၊ ကိုအောင်ကျော်ဇံ ဖုန်း-၀၉-၅၁၃၈၅၁၃၊ ကိုဝင်းမောင် ဖုန်း-၀၉-၅၀၀၇၁၅၂၊ ကိုဝင်းနိုင် ဖုန်း-၀၁ ၆၄၁၃၂၁၊ မစန်းစန်းအေး ဖုန်း-၀၉-၅၁၅၄၁၁၁၊ မကြေးရီ ဖုန်း-၀၁၆၄၂၅၆၂၊ ကိုအောင်ဝင်း ဖုန်း-၀၉-၅၀၀၈၇၅၂၊ ကိုဇော်ထွန်းသင် ဖုန်း-၀၉-၅၁၂၈၅၉၃၊ မစိုးစိုးတင် ဖုန်း-၀၉-၅၁၁၁၉၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)




# မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးနှင့်ပညာသင် ထောက်ပံ့ချီးမြှင့်ငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အသက်(၇၅)နှစ်ပြည့် သက်ကြီးစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီးများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မြင့် (ငြိမ်း)နှင့် တာဝန်ရှိသူများက တစ်ဦးချင်းစီသို့ ပေးအပ်ချီးမြှင့်ခဲ့သည်။**(အောက်ဝဲပုံ)**

အခမ်းအနားတွင် ဗဟိုဌာနချုပ်မှ ထောက်ပံ့ချီးမြှင့်သည့် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ရှစ်ဦးအား တစ်ဦးလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးအား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၁၀၀၀၀နှုန်းဖြင့်လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည့်အပြင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကလည်း ဂုဏ်ထူးရှင်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ (ဂုဏ်ထူးမပါ)များအား ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ (၅၆၁)





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်-ပုသိမ်ကားလမ်းတွင် လမ်းသားမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

## ရန်ကုန်-ပုသိမ်ကားလမ်း ပြုပြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၈

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ ရန်ကုန်-ပုသိမ်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့သို့ထွက်ခွာခဲ့ကြရာ ရှေးဦးစွာ ဝန်ကြီးချုပ်သည် လမ်းခရီး၌ ခရီးသည်တင်နှင့် ကုန်တင်ယာဉ်ကြီး/ယာဉ်ငယ်များ သွားလာမှု၊ စက်ယန္တရားများဖြင့် လမ်းပြုပြင်နေမှု၊ လမ်းပြုပြင်ရန်အတွက် လမ်းခင်းကျောက်များစုဆောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုသည်။**

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၂၂/၆)သို့ရောက်ရှိကြပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က လမ်းသားမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးစိုင်းမြင့်သိန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၄၆)သို့ ရောက်ရှိကြပြီး မိုင်တိုင် (၄၆/၀)နှင့် (၄၆/၂)အကြား လမ်းပေါက်များအား ကျောက်ဖြည့် သဲခင်းခြင်း၊ စက်ယန္တရားများဖြင့် လမ်းကြိတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းများတွင် ရေမဝပ်နေစေရေးအတွက် ရေဆင်းမြောင်းများဖောက်လုပ်ပေးရန်၊ ယာဉ်များ ချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်းပေါက်များကို ကျောက်ဖြည့်သဲဖို့ခင်းရန် လမ်းအပိုင်းအလိုက် တာဝန်ပေးပြီး နေ့စဉ်စစ်ဆေး၍ပျက်စီးမှုများကို အမြန်ပြုပြင်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပုသိမ်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ (သတင်းစဉ်)

# အနုပညာပန်း လက်ဆင့်ကမ်းစို့

❁ ထီးနှင့်နန်းနှင့် ကြေးနန်းနှင့်မြန်မာ
စည်းနှင့်ကမ်းနှင့် လန်းစွင့်ခဲ့အနုပညာ။
မျက်လှည့်ပမာ ကျွန်ဖြစ်ခဲ့ပေမယ့်
နွံနစ်မခံ မြန်မာ့မာန်ဖြင့်
တွန်းလှန်ကာ၊ ဒို့အလံ ဒို့ပြန်လွှင့်
ဒို့အသံ ဒို့ဟန်မြှင့်
တင့်လှသည့် ဒို့အနုပညာ အမြင့်မှာစံခဲ့။

❁ ခုချိန်ခါ…
တိုင်းရင်းသားစုံညီညာ ပျော်ရွှင်စွာယှဉ်ပြိုင်နွှဲ
တစ်ဆယ့်ခြောက်ကြိမ်တိုင်ခဲ့ပြီပဲ။
မစဲသည့် သြဘာသံ ဘဝင်သို့ညွှံ
ဒို့နိုင်ငံ အေးချမ်းကြောင်း၊ ညွှန်းပြနေပြန်။

❁ ဒို့ရဲ့သရုပ်အမှန်
ထုတ်ဖော်ကာ ရိုးရာမပျက်စေဖို့
ကွက်စိပ်နဲ့ ဇာတ်တော်မဟာ
အတီးအမှုတ်စုံလင်စွာ၊ သီဆိုကာကခုန်ကြ၊
ပြဇာတ်နဲ့ ခေတ်ပေါ်တေး၊ အရေးလည်းမကျန်၊
တိုင်းတစ်ပါးဟန် တွန်းလှန်ကာ ဒို့ဆင်နွှဲ။
ရင်ထဲက ရတနာ၊ ဒို့တွေသာပိုင်သည်မို့
ကမ်းဆင့်စို့ ဒို့ရဲ့အမွေ
သားမြေးတွေ ရစေကြောင်း
ထာဝစဉ်သင်းပျံ့စေကြောင်း ရင်မှာတောင်းဆုခြွေလောင်း၊
ပေးကြပါစို့ အနုပညာပန်းပွင့်ကောင်း။ ။

**နှင်းဦးခင်**

# အာဆီယံလူ့စွမ်းအားအရင်းအမြစ်ထိပ်သီးအစည်းအဝေးနှင့် စင်ကာပူ လူသားအရင်းအမြစ် ထိပ်သီးအစည်းအဝေးတို့သို့ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၈

**အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်သည် စင်ကာပူသမ္မတနိုင်ငံ လူအင်အားဝန်ကြီးဌာန ဝန်ကြီး Mr. Gan Kim Yong ၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၂၂ရက် မှ ၂၄ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် အာဆီယံလူ့စွမ်းအားအရင်းအမြစ်ထိပ်သီး အစည်းအဝေးနှင့် စင်ကာပူလူသားအရင်းအမြစ် ထိပ်သီး အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။**



**အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် စင်ကာပူသမ္မတနိုင်ငံ Marina Bay Project စီမံကိန်းလုပ်ငန်းရှိ Golden Tai Yang Pte Ltd. ၏လုပ်ငန်းခွင်၌ မြန်မာကျွမ်းကျင်လုပ်သားများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။** (အလုပ်သမား)

အောက်တိုဘာ ၂၂ရက် မွန်းလွဲပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ Senior Minister, Mr.Goh Chok Tong က ဝန်ကြီးဦးအောင်ကြည်အား Istana အဆောက်အအုံ၌ အခြားအာဆီယံ အလုပ်သမား ဝန်ကြီးများနှင့်အတူ တွေ့ဆုံခဲ့သည်။ ဝန်ကြီးသည် ထိုနေ့ နံနက်ပိုင်းကလည်း စင်ကာပူနိုင်ငံ လူအင်အားဝန်ကြီးဌာန ဝန်ကြီး Mr. Gan Kim Yong နှင့်အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ချမှတ်ဆောင်ရွက်နေမှုများ၊ လုပ်သားများ၏ ကျွမ်းကျင်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာကျွမ်းကျင် လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ရရှိရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးသည်။

ဝန်ကြီးသည် အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် စင်ကာပူနိုင်ငံ အလုပ်အကိုင် အေဂျင်စီများ အသင်းဥက္ကဋ္ဌ Mr. A J Aliyar Razzy နှင့် တွေ့ဆုံပြီး အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းများ အခြေအနေနှင့် နှစ်နိုင်ငံ အလုပ်အကိုင်အေဂျင်စီများ အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အောက်တိုဘာ ၂၄ရက် မွန်းလွဲပိုင်းတွင် Marina Bay Project စီမံကိန်းလုပ်ငန်းရှိ မြန်မာကျွမ်းကျင်လုပ်သား ၂၄၀ အလုပ်လုပ်ကိုင်လျက်ရှိသော Golden Tai Yang Pte Ltd. ကုမ္ပဏီ၏ လုပ်ငန်းခွင်သို့သွားရောက်၍ မြန်မာကျွမ်းကျင် လုပ်သားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး Employment and Employability Institute Pte Ltd. (e21) နှင့် Institute of Technical Education တို့သို့ သွားရောက်လေ့လာကာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် အောက်တိုဘာ ၂၆ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အီရတ်စစ်ပွဲတွင် ကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေ ၄၁၈၇ ဦးရှိပြီ

**ဝါရှင်တန် အောက်တိုဘာ ၂၇**

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်တို့ ကျူးကျော်ချိန်မှ စတင်၍ ဖြစ်ပွားသော အီရတ်စစ်ပွဲကာလ အောက်တိုဘာ၂၅ရက်အထိ စုဆောင်းရရှိသော စာရင်းအရ အသက်ဆုံးရှုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၄၁၈၇ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားသော အရပ်သားဝန်ထမ်း ရှစ်ဦး၏စာရင်းလည်း ပါဝင်သည်။ သေဆုံးသူများအနက် ၃၃၈၇ ဦးသည် အီရတ်များ၏ ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဘက်စာရင်းအင်းများက ဖော်ပြသည်။

ဖော်ပြပါ ကာလအတွင်း အီရတ်စစ်မြေပြင်တွင် အပေါင်းပါတပ်ဖွဲ့များ၏ အသေအပျောက်လည်း အများအပြားရှိသည်။ ***အင်တာနက်။***

## အီရတ်နှင့် အာဖဂန်နစ္စတန် သတင်းများ



**အီရတ်နိုင်ငံ အာမီလီကျေးရွာမှ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးအား ကယ်လ်ကွတ်ဆေးရုံ၌ ဆေးကုသပေးနေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အမေရိကန်-အီရတ် စာချုပ်မူကြမ်း ဆွေးနွေးမည့် အစည်းအဝေး အီရတ်အစိုးရအဖွဲ့ ဖျက်သိမ်း

**ဘဂ္ဂဒက် အောက်တိုဘာ ၂၇**

အမေရိကန်-အီရတ် လုံခြုံရေးသဘောတူစာချုပ်နှင့် ပတ်သက်၍ ဆွေးနွေးရန် စီစဉ်ထားသည့် အစည်းအဝေးအား အီရတ်အစိုးရအဖွဲ့က ပယ်ဖျက်လိုက်သည်။

**နှောင့်နှေးကြန့်ကြာ**

အစောပိုင်းက ညှိနှိုင်းထားပြီးဖြစ်သောမူကြမ်းကိုသဘောတူညီချက် အဆင့်အထိ အမြန်ရောက်ရှိသွားရန် အမေရိကန်၏ မျှော်လင့်ချက်အား ယခု ဆုံးဖြတ်ချက်ကြောင့် နှောင့်နှေးကြန့်ကြာသွားစေသည်ဟု ဆိုသည်။ ယခုနှစ်အကုန်တွင် အမေရိကန်တပ်ဖွဲ့များ အီရတ်၌ တပ်စွဲထားခြင်းအား အဆုံးသတ်ရမည်ဖြစ်သော်လည်း ထိုသဘောတူညီချက်က အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ ရှိနေမှုကို သက်တမ်းတိုးခွင့် ပြုပေးထားသည်။

**စီစဉ်**

ယခုနှစ် စောစောပိုင်းကတည်းက ဆွေးနွေးညှိနှိုင်းနေသော မူကြမ်းတွင် ပြင်ဆင်ပြောင်းလဲချက်များအတွက် အမေရိကန်အား အဆိုပြုချက်အသစ်များတင်ပြရန် အစိုးရအဖွဲ့က စီစဉ်လျက်ရှိသည်။

သို့သော်လည်း ထိုမူကြမ်းသည် အမျိုးသား အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ကို ချိုးဖောက်သည်ဟု ယူဆကြသော ဝေဖန်သူများ၏ အတိုက်အခံပြုကြခြင်းနှင့် ရင်ဆိုင်နေရသည်။ အထူးအားဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ကန်ထရိုက်တာများ၏ ပြစ်မှုကျူးလွန်မှု အများအပြားကို အမေရိကန်တို့အား တရားစွဲဆိုခွင့်ပေးထားခြင်းကိစ္စ ဖြစ်သည်။

**အစားထိုးရန်စီစဉ်**

ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးမည့် အီရတ်နိုင်ငံအတွင်း နိုင်ငံခြားတပ်များ ချထားခြင်းကို ခွင့်ပြုပေးသော ကုလသမဂ္ဂ၏ အခွင့်အာဏာအစား ယခုစာချုပ်အသစ်ဖြင့် အစားထိုးနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။ ***အင်တာနက်။***

## အာဖဂန်တွင် အမေရိကန်ရဟတ်ယာဉ် ပစ်ခတ်ခံရ

**ကဘူး အောက်တိုဘာ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်းတွင် တနင်္ဂနွေနေ့က အမေရိကန်ရဟတ်ယာဉ်တစ်စင်းပစ်ခတ်ခံရပြီးမြောက်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက်ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ ဝါဒတ်ပြည်နယ်တွင် အဆိုပါရဟတ်ယာဉ်သည် လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းခံရသော်လည်း ရဟတ်ယာဉ်တွင် လိုက်ပါလာသူ တပ်ဖွဲ့ဝင်တစ်ဦး အသက်မသေ လွတ်မြောက်လာခဲ့ကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဘတ်လန်ပြည်နယ်တွင် အမျိုးသားတစ်ဦးသည် ရဲတပ်ဖွဲ့ဝင်ကဲ့သို့ ဟန်ဆောင်ပြီး အသေခံဗုံးခွဲတိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရသည်။ ၎င်းအသေခံဗုံးခွဲသူ တာလီဘန်တိုက်ခိုက်ရေးသမားသည် ရဲတပ်ဖွဲ့ဝင်ကဲ့သို့ ဟန်ဆောင်ထားသည် သို့မဟုတ် အစစ်အမှန် ရဲတပ်ဖွဲ့ဝင်ဖြစ်သည် ဆိုသည့်အချက်ကို ရှင်းလင်းစွာ မသိရပေ။

ပြည်နယ်မြို့တော် ပူအီးခွန်ရှိ ရဲတပ်ဖွဲ့စခန်းတွင် ကျင်းပသော အစည်းအဝေး၌ ထိုအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ပါဝင်တက်ရောက်နေစဉ် ၎င်းတို့နှစ်ဦး အသတ်ခံရခြင်းဖြစ်သည်ဟု ဘတ်လန်မှအာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်မှုကြောင့် ပျက်စီးသွားသောယာဉ်ကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*




## အီရတ်တွင် ဗုံးကွဲမှုများဖြစ်ပွား ဗိုလ်ချုပ်ကြီးတစ်ဦး ဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၇**

အီရတ်ဗိုလ်ချုပ်ကြီးတစ်ဦး လိုက်ပါစီးနင်းလာသောကားသည် အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက ဗုံးဖောက်ခွဲခံရသဖြင့် ယာဉ်မောင်းသေဆုံးသွားပြီး ဗိုလ်ချုပ်ကြီးနှင့် လမ်းသွားလမ်းလာတစ်ဦးတို့ ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဖော်ပြသည်။ အဆိုပါဗုံးသည် အယ်လ်ဖာဒေါ်စ်ရင်ပြင်နှင့် အယ်လ်အန် ဒါလပ်စ်ရင်ပြင် အကြားအရောက်တွင် ကွဲသွားခြင်းဖြစ်ပြီး ဒဏ်ရာရရှိသွားသူ ဗိုလ်ချုပ်ကြီးမှာ အဗ္ဗဒူလ်ကာရမ်ဂျဘာ ဖြစ်သည်။

ဘဂ္ဂဒက်မြို့ အယ်လ်ရှုဗ်အရပ်အနီးတွင် စနေနေ့က သေနတ်သမားများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များတိုက်ပွဲဖြစ်ပွားရာ အရပ်သားတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

အီရတ်တပ်ဖွဲ့စစ်ဆေးရေးဂိတ်အနီး၌လည်း လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကလေးတစ်ဦးအသက်ဆုံးရှုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ ***အင်တာနက်။***

## သဘာဝဘေးအန္တရာယ်သတင်းများ

### အင်ဒိုနီးရှား၌ ငလျင်လှုပ်၊ အသေအပျောက်မရှိ

**ဂျကာတာ အောက်တိုဘာ ၂၈**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မြောက်ဆူလာဝေစီတွင် အင်အား ၆ ဒသမ ၄အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားကြောင်း၊ သို့သော် အပျက်အစီးနှင့် အသေအပျောက်စာရင်းကို မရရှိကြောင်း ဒေသဆိုင်ရာ မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့များက ပြောကြားသည်။ မြောက်ဆူလာဝေစီပြည်နယ် အနောက်တောင်ဘက် ၉၁ ကီလိုမီတာအကွာ ရေပြင်အောက် ၃၂ ကီလိုမီတာအနက် ပင်လယ်ကြမ်းပြင်ကို ဗဟိုပြု၍ လှုပ်သွားကြောင်း စီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ရှိသူ နာဟာဗာတီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီ ၀၈ မိနစ်တွင် လှုပ်ခဲ့သည်ဟု နာဟာဗာတီက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



### အင်ဒိုနီးရှား၌ရေကြီး၍ လူများဘေးလွတ်ရာသို့ ပြေးရ

**ဂျကာတာ အောက်တိုဘာ ၂၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဂိုရွန်တာလိုပြည်နယ်တွင် ရေလွှမ်းမိုးမှုဘေးမှ အနည်းဆုံးလူ ၂၀၀၀ သည် ထွက်ပြေးလွတ်မြောက်လာခဲ့ကြကြောင်း တာဝန်ရှိသူတစ်ဦးက ဂျကာတာမြို့တော်တွင် တနင်္လာနေ့၌ ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စီးဆင်းလာသော ရေလုံးကြီးများကို ထိန်းထားနိုင်သည့် သစ်တောဧရိယာများ နည်းပါးသွားသဖြင့် ရေလွှမ်းခြင်းနှင့် မြေပြိုခြင်းတို့သည် အင်ဒိုနီးရှားနိုင်ငံ၌ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။

နေ့စဉ်ရက်ဆက် မိုးအဆက်မပြတ်ရွာသွန်းသောကြောင့် ပြည်နယ်မြို့တော် ဂိုရွန်တာလိုတွင် မြစ်နှစ်စင်း ရေလျှံကာ မြို့ကို ရေလွှမ်းလျက်ရှိကြောင်း ပြည်နယ်အတွင်းရေးမှူး နာဒင်မိုကိုဂျင်တာက ပြောကြားသည်။

စနေနေ့မှစတင်၍ ရေကြီးလာသဖြင့် လူအများသည် မိမိတို့အိမ်ရာများကို စွန့်ခွာကာ မြေမြင့်ရာအရပ်ဘက်သို့ ထွက်ပြေးကြရသည်။

ယခုအခါတွင် ယာယီတည်းခိုရန် နေရာများသို့ ရောက်လာသော လူဦးရေသည် စုစုပေါင်း ၂၀၀၀ခန့်ရှိပြီဟု အတွင်းရေးမှူးက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့်ပြောကြားသည်။

မိုးဆက်လက်ရွာမည်ဖြစ်၍ ထွက်ပြေးလာကြသူ အရေအတွက်သည် ထပ်မံတိုးလာမည်ဟု မျှော်လင့်ရကြောင်း၊ ၎င်းတို့ကို ကျောင်းများ၊ ဈေးများနှင့် အများပြည်သူအဆောက်အအုံများတွင် နေရာချထားပေးကြောင်း အတွင်းရေးမှူးက ထပ်မံပြောကြားသည်။ **(အပေါ်ပုံနှင့် အောက်ပုံ)**

***အမ်အင်အေ၊ဆင်ဟွာ။***



✪ ရှေ့ဖုံးမှ

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတူ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တူရကီအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလီ ဘာဘာကန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



## စစ်တောင်းမြစ်ဝှမ်းဒေသ စိမ်းလန်းစိုပြည်စေမည့် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ခင်မောင်သန်း(စက်မှု)**

နိုင်ငံတော်အစိုးရသည် စစ်တောင်းမြစ်ဝှမ်းဒေသများ စိမ်းလန်းစိုပြည်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားများ ပိုမိုထုတ်လုပ်ခြင်း စသောလုပ်ငန်းများကို စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

စစ်တောင်းမြစ်သည် မြန်မာနိုင်ငံအလယ်ပိုင်းမှ ဆင်သေ၊ ငလိုက်၊ ပေါင်းလောင်းချောင်းကြီးများ ပေါင်းစပ်စီးဆင်းလာခဲ့ပြီး မုတ္တမပင်လယ်ထဲသို့ စီးဝင်သည်။ စစ်တောင်းမြစ်သည် ၁၈၆ မိုင် ရှည်လျားပြီး မြစ်ဝမှာ ကျယ်ဝန်း၍ အတွင်းဘက်သို့ ကျဉ်းမြောင်းသွားသည်။ စစ်တောင်းမြစ်ဝှမ်းဒေသသည် ညီညာပြေပြစ်၍ မြေနုလွင်ပြင်ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းဒေသများတွင် စပါးအများဆုံးစိုက်ပျိုးပြီး ကြံ၊ နှမ်း၊ မြေပဲ၊ ပြောင်း၊ ငရုတ်၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်တို့အပြင် ငှက်ပျော၊ အုန်း၊ မြန်မာဆေးရွက်ကြီး၊ ခနီ၊ ဂုန်လျှော်၊ ရော်ဘာပင်များ စိုက်ပျိုးကြသည်။ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းလည်း ပါဝင်သည်။ ခပေါင်းရေလှောင်တမံ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ရေသွင်းစိုက်ပျိုးရေးသာမက ရေဘေးကာကွယ်ရေးနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် အကျိုးကျေးဇူးများစွာ ခံစားကြရပေသည်။

ခပေါင်းရေလှောင်တမံနှင့် ခပေါင်းရေလွှဲဆည်တည်ရှိရာ ပဲခူးတိုင်း အုတ်တွင်းမြို့နယ်သို့ ကွင်းဆင်းလေ့လာခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဗိုနှင့် လက်ထောက်အင်ဂျင်နီယာများက တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ခပေါင်းရေလှောင်တမံသည် ခပေါင်းချောင်းကို ပိတ်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာမှာ ၄၁၈ စတုရန်းမိုင်ဖြစ်ကြောင်း၊ နှစ်စဉ် ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၇၃၀၀၀၀ တမံအမျိုးအစား မြေသားတမံဖြစ်ပြီး အမြင့်ပေ၂၀၀၊ ပင်မတမံ ပေ ၉၂၀နှင့် ကုန်းကျောတမံပေ ၈၀၀ ရှည်လျားကြောင်း၊ ရေလွှဲဥမင်မှာအချင်း ၁၃ဒသမ ၁၂ပေနှင့် အလျားပေ ၁၂၀၀ ရှိကြောင်း၊ ရေအားလျှပ်စစ်ဥမင်မှာ အချင်း ၂၁ဒသမ ၅၀ပေ၊ အလျားပေ ၁၂၀၀ ရှိကြောင်း၊ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ်(OGEE TYPE)ဖြစ်ပြီး အကျယ် ၁၀၆ ပေနှင့် အလျားပေ ၉၀၀ ရှိကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဆက်လက်၍ ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပတ်သက်၍ တမံတွင် ရေအားလျှပ်စစ်တပ်ဆင်အင်အား ၁၅မဂ္ဂါဝပ် နှစ်လုံးရှိပြီး နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား နာရီသန်းပေါင်း ကီလိုဝပ် ၁၂၀ ရှိကြောင်း၊ ရေလွှဲဆည်ပြီးစီးခဲ့၍ လက်ဝဲ၊ လက်ယာမြောင်းမကြီး တူးဖော်ကာ မိုင်နာမြောင်းများမှတစ်ဆင့် ရေပေးဝေသွားမည်ဖြစ်ရာ တောင်ငူမြို့နယ် ရေသောက်ဧရိယာဧကေ ၄၀၀၀၀ ခန့်ကို လက်ဝဲမြောင်း ရေသောက်စနစ်မှလည်းကောင်း၊ အုတ်တွင်းမြို့နယ် ရေသောက်ဧရိယာဧကေ ၆၀၀၀၀ ခန့်ကို လက်ယာမြောင်း ရေသောက်စနစ်မှလည်းကောင်း ရေပေးဝေသွားမည်ဖြစ်ကြောင်း ရှင်းပြသည်။ တစ်ဖန် ယခုနှစ် ပွင့်လင်းရာသီတွင် နွေစပါးဧကေ ၁၀၀၀၀ စိုက်ပျိုးရေပေးဝေမည်ဖြစ်ကြောင်း၊ မြောင်းမကြီး ရေကျအဆောက်အအုံများမှလည်း ရေအားလျှပ်စစ်ဓာတ်ထုတ်ယူပြီး အနီးအနားတွင်ရှိကြောင်း၊ ကျေးရွာများသို့ လျှပ်စစ်မီးများပေးသွားမည်ဖြစ်ကြောင်း ရှင်းပြသည်။

ခပေါင်းရေလှောင်တမံ၊ ခပေါင်းရေလွှဲဆည်၊ ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မြောင်းမကြီးရေကျ အဆောက်အအုံမှ ကျေးရွာများ လျှပ်စစ်မီးလင်းရေး စသည့် ဘက်စုံတည်ဆောက်ပေးမှုကြောင့် စစ်တောင်းမြစ်ဝှမ်းဒေသရှိ တောင်ငူနှင့် အုတ်တွင်းမြို့နယ်များ စိမ်းလန်းစိုပြည်လျက် လျှပ်စစ်ဓာတ်အားများက လင်းလက်ဝေဖြာလျက်ရှိနေပေသည်။

## ကြည့်မြင်တိုင် အထက(၁) ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ယခင် အေဘီအမ် ကြည့်မြင်တိုင် မိန်းကလေးအထက်တန်းကျောင်း)၏ ပဉ္စမအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၃၀ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မုန့်စားဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ အပူဇော်ခံ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများ အထက(၁) ကြည့်မြင်တိုင် ဖုန်း-၂၂၀၃၆၂၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း- ၅၁၂၆၆၇၊ ဒေါ်ကြူကြူမြင့် ဖုန်း-၅၃၄၇၄၇၊ ဒေါ်ဝင်းဝင်းမေ ဖုန်း-၇၂၁၇၀၄၊ ဒေါ်အေးအေးသန်း ဖုန်း-၅၂၄၄၀၅၊ ဒေါ်သန်းသန်းနိုင် ဖုန်း-၇၂၂၂၃၄၊ ဒေါ်သီသီအေး ဖုန်း-၅၀၂၁၅၈၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၆၅၀၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂၈**

ယခုအပတ်ထုတ် မြန်မာနယူးဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၉)တွင် ကားလောကမှ အလဲအထပ်လိမ်ဆင်များ၊ ထိုင်းဒုတိယဝန်ကြီးချုပ် ချာဗလစ်ယောင်ချိုင်ယုကို နှစ်ကြိမ်တိုင်တိုင် ဟောပြောခဲ့သည့် ဆရာကိုင်ရိုလေး၊ မြန်မာ့အောင်ဘာလေထီ (၅)ကြိမ်မြောက် ဈေးနှုန်းပြောင်းလဲသတ်မှတ်၊ ဗေဒင်ဆရာလောကမှ ရိုက်စားများ၊ ကမ္ဘာ့စံချိန်မီ ဂျာမန်ဝိုင်အရက် ထုတ်လုပ်၊ ကလေးဝအနီး ခားသွားကျောက်ဒေသ၌ ကျောက်မီးသွေး ထုတ်လုပ်မည်၊ ပုဇွန်တောင်မြို့နယ်တွင် ရှမ်းစတားဂျစ်ကားပေါ်မှ ငွေ ၂၆ သိန်းကျော် ခိုးယူမှုဖြစ်ပွား၊ ပါမောက္ခဒေါက်တာမြသိန်းဟန်၏ သိကောင်းစရာ အရိုးကင်ဆာ၊ ရိုးမတောဆင်ရိုင်းများ ဗီဒီယိုအဖြစ် မှတ်တမ်းတင်မည်၊ ဒေါက်တာဦးစိုးလွင်၏ တန်ခိုးရှိမှ အောင်မြင်မှာ၊ တိုက်ကြီး-ရန်ကုန် ယာဉ်လိုင်းပေါက်ကွဲမှုမှာ သေဆုံးသူများ လျော်ကြေးငွေပေးမည်၊ အဆိုတော် အီတိုး၊ အဆိုတော်ဟဲလေးတို့၏ မင်္ဂလာဧည့်ခံပွဲများ၊ သူ့ကျွန်မခံပြီရုပ်ရှင်ကား ဘာလီနိုင်ငံတကာဆုရရှိခဲ့၊ တောင်ငူတွင် သိန်းရာကျော်တန်ကားစီးရေ ၁၀၀ လေလံတင်ရောင်းချ၊ ပြည်တွင်းဆန်ဖူလုံ၍ ပြည်ပသို့ တန်ချိန်တစ်သောင်း တင်ပို့မည်၊ မြို့တော်အခမဲ့ဆေးခန်းတွင် အတွင်းလူနာပေါင်း ၆၈၀ ကျော် ခွဲစိတ်ကုသပေးခဲ့၊ မဟာမဲခေါင်ဒေသနိုင်ငံများ ကမ္ဘာ့လှည့်များကို ဆွဲဆောင်နိုင်ရန်ကြိုးပမ်း၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် မြို့ကြီးများစွာ ရေလွှမ်းမိုးနိုင်၊ သူလျှိုခိုများနှင့် ရှဉ့်များ အီရန်တွင်ဖမ်းဆီးရမိ၊ အမေရိကန်က အီရန်စစ်ပွဲကို စတင်နိုင်သော်လည်း အဆုံးသတ်နိုင်မည်မဟုတ်၊ မက်ကိန်းသမ္မတဖြစ်ရန် အယ်လ်ဒါထောက်ခံ၊ အိုဘားမားကို ရုရှားတို့က နတ်ဆိုးအသေးစားဟုရှုမြင်၊ မြန်မာ့စစ်မြေပြင်တွင် အတူတိုက်ပွဲဝင်ခဲ့သူနှစ်ဦး (၆၃)နှစ်ကြာပြီးမှ ပြန်ဆုံကြစသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများကို ရှားပါးဓာတ်ပုံများနှင့်အတူ ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့ နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။(သတင်းစဉ်)

**သဘာဝသိပ္ပံ အင်တာနက်သတင်း**

## ရှေးဟောင်းခွေးရုပ်ကြွင်းများ ဘယ်လ်ဂျီယံတွင် ရှာဖွေတွေ့ရှိ

**ဘရပ်ဆယ် အောက်တိုဘာ ၂၈**

လူတို့အပေါ် သစ္စာစောင့်သိသော သတ္တဝါတစ်မျိုးဖြစ်သည့် ခွေးများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၁၇၀၀ ခန့်ကပင် ဤကမ္ဘာပေါ်တွင် တည်ရှိခဲ့ကြောင်း ဘယ်လ်ဂျီယံ သိပ္ပံပညာရှင်တစ်ဦးက ယနေ့ ပြောကြားသည်။

လူနှင့်ခွေးတို့သည် မိတ်ဆွေများအဖြစ် အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြသည်မှာ နှစ်ရာပေါင်းများစွာ ကြာမြင့်ခဲ့ပြီဟု ပြောစမှတ်ပြုကြကြောင်း၊ အမှန်အားဖြင့်မူ လူနှင့်ခွေးတို့ မိတ်ဆွေဖြစ်မှုမှာ မိမိတို့ထင်မှတ်ခဲ့သည့် ကာလထက်ပင် ပိုမိုကြာမြင့်ကြောင်း ဘယ်လ်ဂျီယံ သဘာဝသိပ္ပံတက္ကသိုလ်မှ ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းလေ့လာရေးပညာရှင် ဂျာမွန်ပရေးက ပြောကြားသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံရှိ ဂိုးယက်လိုဏ်ဂူ (Goyet Cave) ဒေသတွင် ခွေးများနှင့် သက်ဆိုင်နေသော ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

ရှေးဟောင်းခွေးများ၏ ပုံပန်းသဏ္ဌာန်မှာ ယနေ့မျက်မှောက်ကာလတွင် တွေ့မြင်နိုင်သော ဆိုက်ဘေးရီးယား ဟပ်စကီး ( Siberian husky) ခွေးမျိုးနှင့် ဆင်ဆင်တူကြောင်း၊ ယင်းခွေးများသည် ခန္ဓာကိုယ်အရ အလွန်တောင့်တင်းကြံ့ခိုင်မှုရှိပြီး အသားစားကျူးသည့် သတ္တဝါတစ်မျိုးလည်း ဖြစ်ကြောင်း၊ ယင်းခွေးများသည် နွား၊ မြင်းနှင့် ရိန်းဒီးယားသမင်တို့ကို ဖမ်းယူစားသောက်သည်ဟု ယူဆရကြောင်း သိပ္ပံပညာရှင် ဂျာမွန်ပရေးက ပြောကြားသည်။

ရှေးဟောင်းခွေးများ၏ နှာခေါင်းနှင့် မေးရိုးတို့မှာ ယနေ့ခေတ် ခွေးများထက် ပိုမိုတိုတောင်းကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***



**ရှေးဟောင်းခွေးများ၏ ပုံပန်းသဏ္ဌာန်မှာ ယနေ့မျက်မှောက်ကာလ ဆိုက်ဘေးရီးယားဟပ်စကီး ခွေးမျိုးနှင့် ဆင်ဆင်တူသည်။**

# မြန်မာ့ရိုးရာ ရုပ်သေးသဘင်

ရွှေဘို သီရိမာလာ

ကမ္ဘာတွင် ရုပ်သေး သုံးမျိုးရှိပေသည်။ ကြိုးဆွဲရုပ်သေး၊ တုတ်ထိုးရုပ်သေး၊ အိတ်စွပ်ရုပ်သေးဟူ၍ ရှိလေသည်။ ဥရောပတိုက်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ အင်္ဂလန်စသည်တို့၌ ခရစ်နှစ် ၁၂၀၀ ခန့်ကတည်းက ရုပ်သေးခေတ်စားခဲ့ပေသည်။ အင်ဒိုနီးရှားတွင် "ဝါးယမ်း" ခေါ် တုတ်ထိုးရုပ်သေးမှာ ကမ္ဘာကျော်ခဲ့လေသည်။ တရုတ်သမိုင်းအရ ခရစ်မပေါ်မီ နှစ်ပေါင်း ၁၀၀၀ ခန့်က "ယင်ဇီ"ဆိုသူက ရုပ်သေးကို စထွင်ခဲ့သည်ဟု ဆိုသည်။

မြန်မာ့ရုပ်သေးလောကမှာမူ သက္ကရာဇ် ၁၁၃၈ ခုနှစ်(ခရစ်-၁၇၇၆) လောက်က နန်းတက်ခဲ့သော စဉ့်ကူးမင်းလက်ထက်တွင် သဘင်ဝန်ရာထူးဖြင့် ထမ်းရွက်ရသူ ဦးသော်က စတင်တည်ထွင်ခဲ့ခြင်း ဖြစ်ပေသည်။ မြန်မာရုပ်သေးရုပ်များမှ နတ်ကတော် နှစ်ရုပ်၊ မြင်း တစ်ရုပ်၊ ဆင်အဖြူ အမည်း နှစ်ရုပ်၊ ကျား တစ်ရုပ်၊ မျောက်တစ်ရုပ်၊ ကြက်တူရွေး တစ်ရုပ်၊ နဂါး တစ်ရုပ်၊ ဘီလူး နှစ်ရုပ်၊ ဇော်ဂျီ တစ်ရုပ်၊ ဝန် လေးရုပ်၊ ရှင်ဘုရင် တစ်ရုပ်၊ မင်းသား တစ်ရုပ်၊ မင်းသမီးတစ်ရုပ်၊ မင်းသားကြီးမျက်နှာဖြူနှင့် မျက်နှာနီ တစ်ရုပ်စီ၊ ပုဏ္ဏားတစ်ရုပ်၊ ရသေ့တစ်ရုပ်၊ နတ်တစ်ရုပ်၊ ဗြဟ္မာ တစ်ရုပ်၊ အမယ်အိုတစ်ရုပ်၊ လူပြက်နှစ်ရုပ်တို့ ဖြစ်သည်။

မြန်မာ့ရုပ်သေးကို စတင်တီထွင်ခဲ့စဉ်က နိပ္ဖန္နရုပ် "၂၈"ရုပ်ကို အစွဲပြုပြီး စင်တစ်စင်တွင် အရုပ်ပေါင်း ၂၈ ရုပ် ပါဝင်ရမြဲဖြစ်သော်လည်း နောက်ခေတ်တွင် အပိုအရုပ်များ ပါဝင်လာပေသည်။

မြန်မာ့ရုပ်သေးသည် နန်းတွင်းဇာတ်ကြီးများထက် နောက်ကျသည်ဟု ဆိုရစေကာမူ မြန်မာဇာတ်ရိုးရိုးထက် ရှေးကျသည်ဟု ဆိုရပေမည်။ မြန်မာ့ရုပ်သေးကို လေ့လာကြည့်လျှင် ပျော်ရုံပါးရုံသက်သက် ကပွဲမျိုး မဟုတ်ပေ။ လူကြီးများအတွက် ဝတ္ထုဇာတ်လမ်းအစကနေပြီး အဆုံးထိ တစ်ညလုံး ကပြရသည်။ ထို့ကြောင့် ရုပ်သေးဆိုသည်မှာ အရုပ်ကလေးနှင့် အပျင်းပြေအောင်ပြရသည့် သာမန်ကရုံကပွဲမဟုတ်ပေ။ တကယ့်လူ ကပြနေပုံကို အတုယူပြီး အရုပ်အစားထိုး၍ ကပြခြင်းမျိုး ဖြစ်ပေသည်။

ထို့ကြောင့် အရုပ်များ၏ ဟန်အမူအယာသည် လူနှင့်တူနိုင်သမျှ တူအောင် ကြိုးဆွဲပြီးကပြရပေသည်။ အချုပ်အားဖြင့်ဆိုသော် သက်မဲ့သစ်သားရုပ်များကို သက်ရှိလူနှင့်တူအောင် အသက်သွင်းပေးရသည့် ပညာဖြစ်သည်။ တရုတ်ရုပ်သေးနှင့် နှိုင်းယှဉ်ကြည့်ပြန်လျှင်လည်း တရုတ်ရုပ်သေးက ဇာတ်ကွက်နှင့်သာ ကပြလေသည်။ ကြိုးကိုမသုံးပေ။ မြန်မာရုပ်သေးကဲ့သို့ အရုပ်မများ။ ထို့ကြောင့် မြန်မာရုပ်သေးပညာသည် အိန္ဒိယပြည်မှလည်းကောင်း၊တရုတ်ပြည်မှလည်းကောင်း ဆင်းသက်လာသည်ဟု ယူဆနိုင်စရာ အထောက်အထား မတွေ့ရပါချေ။ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ကိုယ်ပိုင်အမွေအနှစ်ဖြစ်လေသည်။

မြန်မာပြည်တွင် ရုပ်သေးဇာတ်သဘင်သည် ဇာတ်များထက်ရှေးကျရုံသာမက ဇာတ်ထက်လဲခေတ်စားခဲ့ပါသည်။ ရှေးလူကြီးသူမများသည် ရုပ်သေးကို လိုလားကြသည်။ မြန်မာနန်းတွင်းဇာတ်ကြီးများက လွှဲလျှင် အလွမ်းအဆွေးအသော အစရှိသည်တို့ကို ဇာတ်လမ်းအစအဆုံး ကပြသည့် ရိုးရိုးဇာတ်ပွဲပေါ်လာသည်မှာ မကြာသေးပေ။

ရှေးယခင်ကမြန်မာပြည်တွင် ရုပ်သေးသဘင် ထင်ပေါ်ကျော်ကြားလာခြင်းသည် အနုပညာကို မြတ်နိုးသော မြန်မာ့ရိုးရာကြောင့်ဖြစ်သည်။ တိုင်းပြည်မှာရှိသည့် ရုပ်သေးများသည် မြန်မာ့ရုပ်သေးစံချိန်ကို မမီနိုင်လောက်အောင် တိုးတက်ခဲ့ပါသည်။

ရှေးလူကြီးများက ရုပ်သေးမှာ သစ်သားဖြင့်လုပ်ထားသည့် အရုပ်ကလေးများ ဖြစ်သဖြင့် လူကသည့်ဇာတ်ကဲ့သို့ ဖေတော့၊ မောင်တော့ဆိုပြီး တို့လိုက်ဆိတ်လိုက်ဖြင့် မျက်စိရှက်စရာ မလိုပေ။ သို့ကြောင့် လူကိုယ်တိုင်ကသည့် ဇာတ်ထက်အရုပ်နှင့် သရုပ်ဖော်သည့် ရုပ်သေးကို ပိုမိုနှစ်သက်ကြပါသည်။ ဇာတ်သဘင်ပညာသည်များသည်မိမိတို့ရုပ်ရည်ရူပကာဖြင့်လည်းကောင်း၊ ဟန်အမူအရာဖြင့် လည်းကောင်း ပရိသတ်ကို ဆွဲဆောင်စရာများရှိကြသည်။ ရုပ်သေးတွင်ကား ထိုသို့ မရှိ၊ သစ်သားရုပ်ကလေးကိုပင် လူစင်စစ်ဟူ၍ ထင်မြင်လာအောင် ကပြကြရသဖြင့် ရုပ်သေးသဘင်ပညာရှင်တို့သည် ဇာတ်သဘင်ပညာရှင်များထက် သဘင်ပညာကပို၍ ပြည့်ဝကြရသည်။ ရှေးယခင်က မြန်မာရုပ်သေးစင်တွင် မိန်းမတက်ခွင့်မရှိသောကြောင့် ယောကျ်ားကို မင်းသမီး လုပ်စေရသည်။ ယောကျ်ားဖြစ်လျက် မိန်းမအသံရှိဖို့ မိန်းမအသံထွက်ဖို့က မလွယ်ပေ။ သို့သော် ရုပ်သေးမင်းသမီးဆရာပုကြီးသည် နာမည်ကြီးသည်။

ဆရာပုသည် လူခန္ဓာကိုယ်က ယောကျ်ားဆန်သော်လည်း အသံက တကယ့်မိန်းမအသံ၊ သီဆိုရာတွင် အလွန်ချိုသည်။ သီချင်းဆိုသည့်အခါ မေးရိုက်၊မေးဝဲကောင်းလှသည်။ သူမေးဝဲ၊မေးရိုက်မျိုး အခြားသူများတု၍ဆို၍မလွယ်ကူဟူ၍ကျော်ကြားသည်။ နောက်ပိုင်း ၁၉၂၀ ပြည့်နှစ်ဝန်းကျင်တွင် ရုပ်သေးမင်းသမီး ဦးဖူးညိုသည်လည်း အောက်ပြည်တွင် ကျော်ကြားသည်။ ရုပ်သေးမင်းသမီး ဦးဖူးညိုသည် မင်းသမီးရုပ်ကို သွားလေရာ အမြဲယူဆောင်လေ့ရှိသည်။ ပဲခူးသို့ ဘုရားဖူးလာရာတွင် တပည့်တစ်ယောက်အား သယ်ယူစေခဲ့သည်။ မင်းသမီးရုပ်တွင် တပ်ဆင်ထားသည့် စိန်ဘီးကို စိန်အစစ်ဖြင့် စီထားသည်ဆို၏။ ရုပ်သေးမင်းသမီးကြီး ဦးဖူးညိုနှင့်တွဲ၍ ဆိုင်းတွင် နာမည်ကြီးသူမှာ ဦးမိုးညွှန့်ဖြစ်သည်။ နေမျိုးဗလကျော်သူစိန်ဗေဒါ၏ဖခင် ဆရာဖေနှင့် ဦးမိုးညွှန့်တို့သည် ငယ်သူငယ်ချင်းများဖြစ်ကြသည်။ ရုပ်သေးမင်းသမီးကြီး ဦးဖူးညို၏ အပြောနှင့် အလွမ်းတို့ကို ဦးမိုးညွှန့်၏ လက်သံနှင့်ရောဖက် လျက်နားသောတဆင်ရခြင်းမှာ အချိုတွင် သကာလောင်းသကဲ့သို့ ရှိသည်ဟု ရှေးပညာရှင်များက ဆိုကြသည်။

ရှေးအခါက မိန်းမများ ရုပ်သေးစင်ပေါ် မတက်ရခြင်းမှာ မြန်မာရုပ်သေးကို မြန်မာတို့က စင်မြင့်မြင့်က ကသော **"အမြင့်သဘင်"** ဟု သတ်မှတ်၍ ပွဲကြည့်ယောကျ်ား၊ မိန်းမသက်ကြီးရွယ်အိုများ၏ အထက်မှ နေရ၍ မိန်းမကပြမှုမျိုး မဖြစ်စေလိုသောကြောင့် မိန်းမများကို အမြင့်သို့ မတက်စေခြင်းဖြစ်သည်။ သို့သော် ဤစနစ်ကို ရန်ကုန်တွင် ကနေသည့် ပုဏ္ဏားပုံ့ဦးကျော်အေး စင်ကစ၍ဖျက်သည်။ ဦးကျော်အေးကသူ့မင်းသမီးဇနီးကို သူ့စင်တွင်မင်းသမီးလုပ်စေသည်။ နောင်သူ့သမီးများကိုပါ စင်ပေါ်တင်၍ကသည်။ ဤတွင်မိန်းမရုပ်သေးမင်းသမီးဟူ၍ ဆန်းသောကြောင့် မန္တလေး ဆရာရှုံကလည်း ပုဏ္ဏားပုံ့ဦးကျော်အေးထက် ဆန်းမည်ဟုမိန်းမမင်းသမီးသာမက မိန်းမမင်းသားပါရုပ်သေးစင်နှင့် ကခဲ့ဖူးသည်။ ကမ္ဘာပေါ်တွင် အသစ်အဆန်းပေါ်လာလျှင် ပထမပေါ်စမှာ ပြည့်စုံလုံလောက်ခြင်းမရှိဘဲ နောက်မှတဖြည်းဖြည်း ပြုပြင်ချဲ့ထွင်ခြင်းဖြင့်သာ တိုးတက်လာရသည် များပေ၏။ မြန်မာရုပ်သေးကမူ ပထမစီစဉ်လိုက်သည့် သဘင်ဝန်ဦးသော် လက်ထက်ကစပြီး ပြည့်စုံသည့်အတွက် ဦးသော်၏ထိုးထွင်းဉာဏ်များကို ချီးမွမ်းစရာပင်ဖြစ်သည်။

ရုပ်သေးတစ်စင်လျှင် မင်းသား၊ မင်းသမီး နှစ်လက်၊ လူပျက် နှစ်ယောက်၊ လူကြမ်းနှင့်မင်းသားကြီး နှစ်ယောက်မှာ စင်တစ်စင်၏ မရှိမဖြစ် အရေးကြီးဇာတ်ဆောင်များ ဖြစ်ပေသည်။ အမှန်အားဖြင့် တကယ့်ပညာသည်မှာ ရှစ်ယောက်၊ ကိုးယောက်၊ ၁၀ ယောက်ထက် မပိုပေ။ ရုပ်သေးတွင် မင်းသားလုပ်သူ၊ မင်းသမီးလုပ်သူ၊ လူပြက်လုပ်သူနှင့် မင်းသားကြီး လုပ်သူများသည် ကိုယ်ပိုင်အရုပ်ရှိကြသူများ ဖြစ်၍ ကိုယ့်အရုပ်ကို ကိုယ်နှင့်အတူထားပြီး ကိုယ့်ဘာသာ ဝတ်စားဆင်ပြင်ကြလေသည်။ ပွဲပြီး၍ အိမ်ပြန်လျှင်လည်း ကိုယ့်အရုပ် ကိုယ်ဆွဲပြန်ကြသည်။ ပွဲကတော့မည်ဆိုလျှင် ကိုယ့်အရုပ်ကို ယူလာပြီး စင်ပေါ်ရောက်မှ ကြိုးဆွဲလက်သို့ အရုပ်ကလေးများကို မင်းသား၊ မင်းသမီးများက အပ်လေ့ရှိသည်။ လူပြက်နှင့် မင်းသားကြီးများကား အများအားဖြင့် ကိုယ့်အရုပ် ကိုယ့်ဘာသာ ကြိုးဆွဲကြသည်။ ကျန်အရုပ်များကိုကား ရုပ်သေးစင်ထောင်သူက ထားရသည်။ ၎င်းတို့မှာ အပျိုတော်ရုပ်၊ အမယ်အိုရုပ်၊ မင်းသားကြီးမျက်နှာဖြူရုပ်၊ မျက်နှာညိုရုပ်၊ ဂဠုန်၊ နဂါး၊ ကျား၊ ဆင်၊ မြင်း၊ ဇော်၊ ဘီလူး၊ ပုဏ္ဏားရုပ် စသည်တို့ဖြစ်သည်။

ရုပ်သေးသဘင်ပညာသည်များက အရုပ်ကို တကယ့်လူဟူ၍ ထင်လာအောင်လည်း ဆွဲဆောင်ကြရပေသည်။ ရုပ်သေးစင်ပေါ်တွင် ထိပ်ဖုံးအပြင် နဖူးစည်းကြာယပ်ရှိ၍ နောက်ခံအဖြစ်နှင့် လက်တန်းပိတ်ကားသာရှိသည်။ ကားလိပ်ဟူ၍ ပြည်ဖုံးကားတစ်ချပ်သာရှိသည်။ ပန်းခုံနှစ်ခုံတွင် တမာကိုင်း သို့မဟုတ် ဆယ့်နှစ်ရာသီကိုင်း နှစ်ခုထိုးထားသည်။ ဤအဆင်အပြင်မှလွဲ၍ ဘာမျှမရှိပေ။ သို့သော် ရုပ်သေးသည် တိုင်းပြည်နိုင်ငံနှင့်တကွ မြို့ရွာများကိုပါ တည်ထောင်၍ ထီးနှင့်နန်းနှင့် ကြငှန်းနှင့် အကျအနအုပ်စိုးပြီးမှ ဇာတ်ကွက်ဇာတ်လမ်းဖော်၍ စင်ပေါ်တွင် ကကြရလေသည်။ မြန်မာဇာတ်တွင်ဖြစ်စေ၊ ရုပ်သေးတွင်ဖြစ်စေ ဇာတ်ကွက်ဇာတ်လမ်းစပုံများသည် ယခုခေတ်ပြဇာတ်များနှင့် မတူပါချေ။ ဇာတ်လမ်းများမှာ များသောအားဖြင့် ၅၅၀ ဇာတ်နိပါတ်တော်ထဲကသော်လည်းကောင်း၊ ရာဇဝင်မဟာဝင်တို့မှသော်လည်းကောင်း ထုတ်နုတ်ကပြခြင်းဖြစ်လေ၏။ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်တို့ကို သရုပ်ဖော်ပြခြင်း ဖြစ်ပေသည်။

ရုပ်သေးတွင် သဘင်ရည်ဝ မင်းသမီးကောင်းဖြစ်ရန်အတွက် ပိုး၊ မွေး၊ ခေါ်၊ မျှော်၊ အောင်၊ ဇော်၊ လု၊ ဘ၊ ရှူး၊ အ၊ သေ၊ ပစ်ဆိုသည့် ရုပ်သေးမင်းသမီးတို့ တပ်အပ်သည့်ပညာ ၁၂ရပ်ကို တကယ်တတ်ရသည်။ ဤပညာများတတ်မှ မင်းသမီးကောင်း ဖြစ်နိုင်သည်ဟု ပြောလေ့ရှိသည်။ ပိုး၊ မွေး၊ ခေါ်၊ မျှော်ဆိုသည့် လင်္ကာ၏ အဓိပ္ပာယ်မှာ -

(၁) **ပိုး**=ဟူရာ၌ မိန်းမတန်မဲ့ ယောကျ်ားကိုစ၍ ပိုးခန်းကြုံလာလျှင် တကယ်တမ်း ပိုးတတ်ပန်းတတ်ရန်လိုသည်။ ပိုးစကားပန်းစကား ပြောတတ်ရမည်။

(၂) **မွေး**=ဆိုရာတွင် အလောင်းတော် ဖွားတော်မူခန်းမှအစ ဇာတ်နှင့်ဆိုင်ရာ မင်းသမီးလုပ်သူ သားဖွားရ မျက်နှာမြင်ရသည့် အခန်းများကိုလည်း ကတတ်ရမည်။

(၃) **ခေါ်**=ဆိုသည့် စကားအဓိပ္ပာယ်မှာ ဇာတ်ပွဲတို့၏ အစဉ်အလာအတိုင်း လင်ကိုခေါ်နည်း၊ သားကိုခေါ်နည်း၊ ကျေးကျွန်ကိုခေါ်နည်း၊ အရှင်သခင်ကိုခေါ်နည်း၊ မိဘမောင်ဖွားကိုခေါ်နည်း စသည်ဖြင့် သူ့ထုံးတမ်းစဉ်လာနှင့်အညီ ခေါ်တတ်ပြောတတ်ဖို့ လိုသည်။

(၄) **မျှော်**= ဆိုသည့်အဓိပ္ပာယ်မှာ ရည်းစားမျှော်၊ လင်မျှော်၊ သားမျှော်ခန်းများတွင် တကယ်တမ်း မျှော်တတ်ရန်ဖြစ်သည်။

(၅) **အောင်**= ဆိုသည်မှာ စစ်ကိုင်းခရိုင်အတွင်းရှိ ကျောက်ပန်းကန်ကြီးကုန်းသမိုင်းဖြစ်သော ဆားတောင်သူ မအောင်ဖြူ၏ဇာတ်ကို ခင်းလျှင် နိုင်နင်းစွာ ကပြနိုင်ရမည့် အရည်အသွေးဖြစ်သည်။ အောင်ဖြူဇာတ်မှာ မင်းသမီးပရိယာယ် အလွန်များပြီး မင်းသမီး၏အလွမ်းများလှသော ဇာတ်ဖြစ်သည်။ ဤဇာတ်မျိုး တော်ရုံမင်းသမီး မလိုက်နိုင်၊ မကနိုင်။

(၆) **ဇော်**= ဟူသည်မှာ မင်းသမီးဇော်ဂျီဖြစ်ရသည့် ဇာတ်လမ်းမျိုးနှင့်ကြုံခဲ့သော်ဇော်အဖြစ်နှင့် ကတတ်ဖို့၊ ပြောတတ်ဖို့၊ ပြုတတ်ဖို့ အသင့်ရှိရပေသည်။



(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ရုပ်သေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မခိုင်ဇာဖြိုး ပါဝင်ယှဉ်ပြိုင်စဉ်။

(၇) **လု**= ဆိုသည်မှာ လင်လုခန်း၊ သားလုခန်းများတွင် နိုင်နင်းဖို့ကို ဆိုလိုသည်။ လုအတတ်မှာ နှစ်ပါးသွားလင်လုခန်းမျိုးသာမကဘဲ ဇာတ်ကွက်နှင့်အညီ လူယောင်ဆောင်ထားသည့် ဘီလူးမနှင့် လင်လုရခြင်းမျိုးကို ဆိုလိုသည်။ ယင်းအခါ၌ မိမိသည်လင်သားအပေါ် မည်သို့ကြင်နာခဲ့သည်။ ယုယခဲ့သည်။ အနစ်နာခံ၍ ချစ်ရည်လူးခဲ့သည်။ ချစ်တုံ့တင်ခဲ့သည်များကို ပွဲကြည့်ပရိသတ်မျက်စိတွင် ထင်သာမြင်သာအောင် ပြောဆိုတတ်ခြင်း၊ သားလုခန်း၌လည်း မိခင်တစ်ယောက်၏ သားသမီးအပေါ် သန့်စင်မွန်မြတ်သော မေတ္တာရေစင်ဖြင့် ချစ်ခင်သဒ္ဒါမြတ်နိုးစွာ ကျွေးမွေးသုတ်သင်ခဲ့ပုံများ၊ သားအတွက်ရတက်မအေး သောကရောက်ခဲ့ပုံများကို တကယ့်သားသည်မအေ တစ်ယောက်ကဲ့သို့ စီကာပတ်ကုံး ပြောကြားပြီး ကိုယ့်သားအစစ်ပါဟု လုတတ်ရသည်။

(၈) **ဘ**= ဟူသည်မှာ အချို့ဇာတ်များ၌ မင်းသမီးမုန့်အဆင်းမှား၍ မြောက်မုဲက ဆင်းရေချိုးမိသည်၌ အစွယ်ပြူးပြူးနှင့် ဘီလူးဖြစ်သွားသည့်အခန်းများရှိသည်။ ထိုအခါမျိုး၌ မင်းသမီးနှင့် ဘီလူးဘဝ မအပ်စပ်ဟူ၍ မမှတ်အပ်ဘဲ ဘီလူးခန်းကို မင်းသမီးကောင်းတို့မည်သည် နိုင်နင်းစွာ ကပြနိုင်ရပေမည်။

(၉) **ရှူး**= ဟူသည်မှာ ဇာတ်လမ်းနှင့်အညီ အကြောင်းတစ်ခုခုကြောင့် ရှူးသွပ်ရသည့်အခါ၌ မင်းသမီးသည် တကယ့်အရူးနှင့်တူအောင် ရူးတတ်ဖို့ လိုသည်။

(၁၀) **အ**=ဟူသည်မှာ မင်းသမီးသည် အကောင်းပကတိမှ အ သွားသည့်ဇာတ်လမ်းမျိုးတွင် ဘာတစ်ခွန်းမှ မပြောနိုင်တော့ဘဲ ခြေပြလက်ပြ မျက်နှာက အမူအယာအမျိုးမျိုး ထုတ်ဖော်ပြသ၍ ပရိသတ်နားလည်ပြီး ရင်ထုမနာနှင့် မျက်ရည်မဆည်နိုင်ဖြစ်လာအောင် ကပြတတ်ရမည်။

(၁၁) **သေ**=မင်းသမီးသေရမည့်အခန်းများတွင်လည်း မသေတတ်လျှင် ဇာတ်နာသင့်ပါလျက် မနာဘဲ ပွဲကြည့်ပရိသတ်အူကြောင်ကြောင်ဖြစ်ကုန်ပြီး တစ်ညလုံးသယ်လာသမျှ သဲရေကျဖြစ်ရတတ်သည်။မင်းသမီးလုပ်သူ အသေတတ်သည့်အခါ၌ ဇာတ်ခုံပေါ်က ဇာတ်သူ၊ ဇာတ်သားများပင် စိတ်ထိခိုက်ပြီး မျက်ရည်ကျရသည်။

(၁၂) **ပစ်**= ဆိုသည့်စကားမှာ သားပစ်၊ သမီးပစ် ပစ်စွန့်ရသော ဇာတ်မျိုး၌ ပစ်တတ်ရန် လိုခြင်းဖြစ်သည်။ ပစ်ရာ၌လည်း အသေပစ်၊ အရှင်ပစ်ဟူ၍ ရှိသေးသည်။ ထိုအချက်များပိုင်ပါမှ မြန်မာ့ရုပ်သေးမင်းသမီးများအား သဘင်သည်ဟုဆိုပေသည်။

ရုပ်သေးတွင် သေတ္တာမှောက်နိုင်သူဆိုသည်မှာ လူကြမ်းများ၊ မင်းသားကြီးများထဲမှ လူတော်တော်များများကို ခေါ်ခြင်းဖြစ်သည်။ တိုက်ရိုက် အဓိပ္ပာယ်မှာ ရုပ်သေးသေတ္တာထဲ၌ ရှိသမျှအရုပ်များကို မှောက်ချပြီး ပါသမျှအရုပ်များနှင့် ကပြနိုင်သူဟူ၍ ဆိုလေသည်။ ဘီလူးလိုလျှင် ဘီလူး၊ ပုဏ္ဏားလိုလျှင်ပုဏ္ဏား၊ ရှင်ဘုရင်လိုလျှင် ရှင်ဘုရင် အရုပ်အားလုံးအတွက် လုပ်နိုင်စွမ်းရှိသူကို သေတ္တာမှောက်နိုင်သူဟူ၍ ရုပ်သေးစကားဖြင့် ခေါ်ဝေါ်ကြလေသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာ့ရိုးရာအနုသဘင်ရုပ်သေးပညာသည် မြန်မာတို့၏ ကိုယ်ပိုင်အမွေအနှစ်ဖြစ်၍ တိမ်ကောပပျောက်မသွားစေရန် နိုင်ငံတော်က နှစ်စဉ် ကျင်းပလျက်ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ထည့်သွင်းယှဉ်ပြိုင်စေလျက် ထိန်းသိမ်းဖော်ထုတ်ပေးနေခြင်း ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။





## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် အမ်း-ပဒဲကြော-မအီလမ်းအား စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ထွင် ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ရန်ကုန်-ကျောက်ဖြူကားလမ်းနှင့် မအီ-သံတွဲကားလမ်းပေါ်ရှိ လမ်းတံတားအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၈

**ရခိုင်ပြည်နယ် အမ်းမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး လိုက်ပါလျက် အောက်တိုဘာ ၂၃ ရက်နံနက်ပိုင်းတွင် အမ်း-ပဒဲကြော-မအီလမ်းတစ်လျှောက်၌ ရေနုတ်မြောင်းများ တူးဖော်ထားရှိမှု၊ စက်ယန္တရားကြီးများဖြင့် လမ်းများချဲ့ထွင် ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ မအီ-ကျောက်ဖြူ လမ်းတစ်လျှောက်၌ လမ်းပိုင်းအခြေအနေများနှင့် တံတားများ ပြုပြင်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ပိန္နဲတောင်စခန်းသို့ ရောက်ရှိသည်။**

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၇၀/၀) အနီး၌ ကျောက်ထပ်ပိုးလွှာတင် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဝန်ဖိုက်တံတား ကြံ့ခိုင်မှုအခြေအနေနှင့် ကမ်းစပ်ဒီရေတောများ ကာကွယ်ထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ သံသမကြီးတံတား၏ လမ်းဘေး ဝဲ၊ ယာရှိ စပါးခင်းများ၊ လမ်းတံတား အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြင်ဝန်းစခန်းသို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် တောင်ကုတ်-မအီလမ်းရှိ လမူးတံတားသို့ ရောက်ရှိပြီး တောင်ကုတ်မြို့နယ် ကင်းထောက်ကျေးရွာအုပ်စုရှိ တောင်သူဦးတင်နု၏ ရွှေမြန်မာစပါး ငါးဧက စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် တောင်ကုတ်တပ်နယ်အတွင်းရှိ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး သံတွဲမြို့သို့ ရောက်ရှိသည်။ (သတင်းစဉ်)

## စလင်းမြို့ အထက နှင့် အလက အငြိမ်းစား ဆရာ၊ ဆရာမများ ပူဇော်ကန်တော့ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၈**

စလင်းမြို့ အထက နှင့် အလက တို့မှ အသက် ၆၅ နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၃ ရက်တွင် စလင်းမြို့ မြတ်ရတနာဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများကို ဦးခင်မောင်သန်း ဖုန်း-၀၆၇-၂၂၇၄၃၊ ဦးမြင့်အောင် ဖုန်း-၀၆၃-၄၂၂၃၅၊ ဦးစောအောင်သန်း ဖုန်း-၀၆၃-၄၂၀၆၆၊ ဦးမောင်မောင်စန်း ဖုန်း-၀၆၃-၄၂၀၇၃၊ ဦးချစ်ဆိုင် ဖုန်း-၀၆၃-၂၃၈၁၄၊ ဒေါက်တာမြင့်အောင် ဖုန်း-၀၉-၅၃၄၁၁၈၁၊ ဒေါ်နီလာမော် ဖုန်း-၀၆၅-၂၁၀၄၇၊ ဦးစန်းညိုအောင် ဖုန်း-၀၁-၆၈၀၄၂၀၊ ၀၁-၆၈၁၀၄၄၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၁၁၇၂၉၉၊ ဦးဆန်းလွင် ဖုန်း-၀၆၃-၆၀၂၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e-National Task Force) ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် တရုတ်- အာဆီယံ ကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့ပြီးနောက် အောက်တိုဘာ ၂၆ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ဝိဇ္ဇာအသိလမ်းမှ စရဏအကျင့်စခန်းသို့"တရားတော် (ပြည်တွင်း၊ ပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ) |
| ၇း၅၅ - ၁း၅၅ | တက်ညီလက်ညီရပ်တည်နိုင်ပြီ တိုင်းရောဝတီ |
| ၈း၂၀ - ၂း၂၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၄၅ - ၂း၄၅ | ကုသိုလ်ကံများထွန်းတောက်ပြောင်လှမ်းခဲ့ကံ့ကော်တစ်ထောင် |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | ပျော်ရွှင်ရင်ခုန်စေ လှပတဲ့မန္တလာမြေ (People မဂ္ဂဇင်း၏ Miss People) |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ - ၄း၀၀ | Yangon Panorama (Foxconn Cup 2008 Dota Allstars-Cyber Game Tournament) |
| ၁၀း၁၀ - ၄း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ - ၄း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ - ၄း၂၀ | Midweek Sports News |
| ၁၀း၃၅ - ၄း၃၅ | မြန်မာ့ရုပ်ရှင်နေ့အကြိုဟောပြောပွဲနှင့် သက်ကြီးပူဇော်ပွဲ |
| ၁၁း၀၅ - ၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ - ၅း၁၅ | ကျော်သွားမှာလား…ဖော်စားမှာလား (ခန့်စည်သူ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင်)(ဒါရိုက်တာ အကယ်ဒမီ မလိခစိုးထိုက်အောင်) |
| ၁၁း၂၀ - ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | ဘိုင်းဒါးရေလှောင်တမံ |
| ၁၁း၄၀ - ၅း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ - ၅း၅၀ | Myanmar Video Rhythm |
| ၁၂း၁၅ - ၆း၁၅ | ရောဝတီတံတား(ရတနာပုံ) |
| ၁၂း၂၀ - ၆း၂၀ | IT Talk (IT For Architecture) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## Shine Universal Services Co., Ltd. ၏ ပညာရေးဝန်ဆောင်မှုများ ရှင်းလင်းဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၈

**Shine Universal Services Co., Ltd. ၏ ပညာရေးဝန်ဆောင်မှုများနှင့် ရည်ရွယ်ချက်များကို စာနယ်ဇင်းများမှ တာဝန်ရှိသူများအား ရှင်းလင်းပွဲကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပရာ Shine စတင်တည်ထောင်ဖြစ်ပုံနှင့် ရည်ရွယ်ချက်များကို ဒေါ်စန္ဒာနွယ်ကလည်းကောင်း၊ Shine မှ ဆောင်ရွက်ပေးနေသည့် အဓိကဝန်ဆောင်မှုများကို ဒေါ်မေစန်းနွယ်ကလည်းကောင်း၊ Shine ၏ အဆင့်မြင့်ပညာရေးနှင့်ပတ်သက်သည့် ဝန်ဆောင်မှုများကို ဒေါ်အေးမြဝင်းကလည်းကောင်း၊ Educational hub ဖြစ်ရန် ကြိုးစားနေသည့် စင်ကာပူနိုင်ငံသို့ မည်သည့်အတွက်ကြောင့် သွားရောက်ပညာသင်ကြားသင့်ကြောင်းကို Mr. Gary Ong ကလည်းကောင်း၊ ကျေးဇူးတင်စကားနှင့် ထပ်မံပြုလုပ်မည့်အစီအစဉ်များကို ဒေါ်စန်းစန်းဦးကလည်းကောင်း ရှင်းလင်းပြောကြားကြသည်။**

Shine ၏ ဝန်ဆောင်မှုများ အနေဖြင့် Primary နှင့် Secondary ကျောင်းသားများအား စင်ကာပူ၌ အဆောင်နေ၍ ပညာသင်ယူနိုင်ရန် စီစဉ်ပေးခြင်း၊ ကျောင်းသားများ၏ မိခင်တစ်ဦးစီ စင်ကာပူနိုင်ငံသို့ လိုက်ပါအုပ်ထိန်းနိုင်ရန် စီစဉ်ပေးခြင်း၊ ကျောင်းသားမိခင်များအတွက် Parent Support Group များ ဖွဲ့စည်းပေးထားခြင်း၊ ကျောင်းသားများနှင့် သင့်လျော်မည့်ကျောင်းနှင့် ဘာသာရပ်ကို မှန်ကန်စွာ ရွေးချယ်နိုင်ရန် ဆွေးနွေးစွာ တိုင်ပင်ဆွေးနွေး အကြံပေးခြင်း၊ ကျောင်းလျှောက်ရန်လိုအပ်သော စာရွက်စာတမ်းများအတွက် ပြင်ဆင်ပေးခြင်း၊ ကျောင်းသားများအတွက် အင်္ဂလိပ်စာ ဝင်ခွင့်စာမေးပွဲ (Placement Test) ကို အခမဲ့ ဖြေဆိုနိုင်ရန်စီစဉ်ပေးခြင်း၊ ကျောင်းသားများအတွက် အာမခံပေးခြင်း၊ ကျောင်းသို့ Application fees, Tution fees များ ပေးသွင်းရန် စီစဉ်ပေးခြင်း၊ ကျောင်းသားများအတွက် Student Visa နှင့် D.form လျှောက်ပေးခြင်း၊ လေယာဉ်လက်မှတ် စီစဉ်ပေးခြင်း၊ စင်ကာပူလေဆိပ်တွင် လာရောက်ကြိုဆိုပေးခြင်း၊ ကျောင်းသားများ နေထိုင်ရေးအတွက် ဈေးနှုန်းချိုသာသော အိပ်ခန်းများကို ကူညီရှာဖွေပေးခြင်း၊ ကျန်းမာရေးဆေးစစ်ပေးခြင်း၊ စင်ကာပူ၌ ပညာသင်ကြားနေစဉ် ကျောင်းသားများအတွက် လူမှုရေး အကူအညီ လိုအပ်ပါက ဆက်လက်ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ အသေးစိတ် အချက်အလက်များကို စုံစမ်းမေးမြန်းလိုပါက အမှတ်(၃၈-၄၀) ပထမထပ် ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ် ဖုန်း-၃၉၃၀၄၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**Shine Universal Services Co., Ltd. မှ ဆောင်ရွက်ပေးနေသည့် အဓိက ဝန်ဆောင်မှုများကို ဒေါ်မေစန်းနွယ် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)





မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## English Premier ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၁၅ | Arsenal - Tottemham | ESPN (Live) |
| ၂း၁၅ | Man Utd - West Ham | Star Sports(Live) |

ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

# လမ်းများတွင် ယာဉ်များချောမွေ့စွာသွားလာနိုင်ရေး နေ့စဉ်စစ်ဆေးပြီး အမြဲမပြတ်ပြုပြင် တစ်နေရာပျက်လျှင် တစ်နေရာပြင်၊ တစ်နေရာပေါက်လျှင် တစ်နေရာဖာ စနစ်ဖြင့် ကျင့်သုံး လမ်းပေါက်ဖာခြင်းလုပ်ငန်းကို ဆောင်ရွက်နေသကဲ့သို့ အမာခံလမ်းခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်





## အမှာစကားပြောကြား

အမျိုးသား သဘာ၀ဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ မြဇေရာ အစည်းအဝေးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၈

**အမျိုးသားသဘာ၀ဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ မြဇေရာ အစည်းအဝေးခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသား သဘာ၀ဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ရှေးဦးစွာ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကို ပြောကြားလိုကြောင်း။

ဧရာဝတီတိုင်းအတွင်းရှိ အချို့ဒေသများတွင် လေဘေးသင့်ခဲ့ပြီးနောက် ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းကြောင့် ရန်ကုန်-ပုသိမ်ကားလမ်းနှင့် ဖျာပုံ-ဘိုကလေးကားလမ်းများသည် ယာဉ်သွားလာမှုများခြင်း၊ မိုးများခြင်းနှင့် အချိန်မီပြုပြင်ခြင်း မရှိခဲ့၍ လမ်းများပျက်စီးခဲ့ကြောင်း။

သို့ဖြစ်၍ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ မြန်ဆန် သွက်လက်စေရေး ဆောင်ရွက်ရာတွင် ပစ္စည်းသယ်ယာဉ်များ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် လိုအပ်ကြောင်း။

ရန်ကုန် - ပုသိမ်ကားလမ်းကို အေးရှားဝေါလ်ကုမ္ပဏီသို့ လမ်းလုပ်ငန်းများဆိုင်ရာ လုပ်ကိုင်ခွင့်ပေးထားသော်လည်း အဆိုပါလမ်းပြုပြင်ခြင်း မြန်ဆန်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝင်ရောက် လုပ်ကိုင်ဆောင်ရွက်ပေးနေကြောင်း။

ယာဉ်များချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဦးစွာလမ်းပေါက်များကို ကျောက်ဖြည့်၊ သဲဖို့ခြင်းကို ဆောင်ရွက်စေခဲ့သော်လည်း မိုးများခြင်းကြောင့် ပြန်လည်ပျက်စီးမှုများ ရှိနေသည် ကိုတွေ့ရကြောင်း။

လမ်းများတွင် ယာဉ်များချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းအပိုင်းလိုက် တာဝန်များ သတ်သတ်မှတ်မှတ်ပေးကာ နေ့စဉ်စစ်ဆေးပြီး အမြဲမပြတ် ပြုပြင်ရန်ဖြစ်ကြောင်း။

ဖျာပုံ-ဘိုကလေး လမ်းအပိုင်းကိုလည်း ယာဉ်များချောမွေ့စွာ သွားလာနိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ယူ ပြုပြင်ပေးခဲ့ကြောင်း။

ယခုမိုးရာသီတွင် လမ်းပေါက်ဖာအဆင့်ဖြင့်သာ ဆောင်ရွက်ပေးနေရသဖြင့် ယာဉ်များ ချောမွေ့စွာသွားလာနိုင်ရန် တစ်နေရာပျက်လျှင် တစ်နေရာပြင်၊ တစ်နေရာပေါက်လျှင် တစ်နေရာဖာစနစ်ဖြင့် ကျင့်သုံးသွားရန်ဖြစ်ကြောင်း။

လမ်းပေါက်ဖာခြင်း လုပ်ငန်းကို ဆောင်ရွက်နေသကဲ့သို့ အမာခံလမ်းခင်းခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း။

တိုင်းအဆင့် တာဝန်ရှိသူများ အနေဖြင့် မိမိတို့ဒေသတွင်းရှိ လမ်းများတွင် ယာဉ်များ ချောမွေ့စွာသွားလာနိုင်ရေး စစ်ဆေးပြီးဌာနဆိုင်ရာ အချင်းချင်း အကြံပေးကာ ညှိနှိုင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယင်းကဲ့သို့ ရှိပြီးလမ်းများကောင်းမွန်ရေး ဆောင်ရွက်နေသကဲ့သို့ သဘာ၀ဘေး အရေးပေါ် ဖြစ်ပေါ်လာပါက လူနှင့် တိရစ္ဆာန်များ ရွှေ့ပြောင်းနိုင်ရုံသာမက ဖွံ့ဖြိုးရေးလုပ်ငန်းများပါ အထောက်အကူဖြစ်စေရန် ဧရာဝတီတိုင်းအတွင်း ပင်လယ်ပိုင်းဒေသအထိ ဆက်သွယ်သွားလာနိုင်သည့် လမ်းကွန်ရက် လမ်းမကြီး ငါးသွယ်ကိုလည်း ဖောက်လုပ်ပေးလျက်ရှိကြောင်း။

အဆိုပါလမ်းများကို ပထမအဆင့်အဖြစ် ပွင့်လင်းရာသီတွင် မြေသားလမ်းအပြီး ဖောက်လုပ်၍ တစ်ချိန်တည်းမှာပင် တံတားငယ်၊ တံတားလတ်များကိုပါ ဆောက်လုပ်သွားရန်ဖြစ်ကြောင်း။

ပင်လယ်ပိုင်းနှင့်နီးသော ကျေးရွာများအနီးရှိ လမ်းများကို ရေဘေးခိုလှုံနိုင်အောင် ၂၅/၃၀ပေ အမြင့်ရှိ တာပေါင်များ မြှင့်တင်ဖောက်လုပ်ရန်နှင့် Cyclone Shelter များပါ ဆောက်လုပ်ပေးရန်ဖြစ်ကြောင်း။

ဒုတိယပိုင်းအနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်၏ လူဦးရေအများစုသည် ကျေးလက်နေပြည်သူများဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ကြောင်း။

သို့ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သဖြင့် ပညာရေး၊ကျန်းမာရေး၊သောက်သုံးရေရရှိရေး၊လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကျေးလက်နေပြည်သူများ အကျိုးရရှိခံစားနေကြရပြီဖြစ်ကြောင်း။

ကျေးလက်နေပြည်သူများ လူနေမှု အဆင့်အတန်း မြင့်မားရေးအတွက် အိမ်ထောင်စုတိုင်း နွား ၄/၅ ကောင်မွေးရုံဖြင့် ၎င်းတို့၏ စွန့်ပစ်ပစ္စည်းမှ ထွက်ရှိလာသည့် ဇီဝဓာတ်ငွေ့ဖြင့် ထမင်း၊ဟင်း ချက်ပြုတ်နိုင်သည်သာမက လျှပ်စစ်မီး အသုံးပြုနိုင်ခြင်း၊ ဇီဝဓာတ်ငွေ့ထုတ်လုပ်ပြီး ကျန်ရှိသည့် ဇီဝမြေဩဇာ၊ ဇီဝစွန့်ပစ်ပိုလျှံရည်များကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခြင်းဖြင့် သီးနှံများ ကြီးထွားပြီး အထွက်နှုန်း တိုးကြောင်းကို လက်တွေ့ ပြသနိုင်ပြီဖြစ်ကြောင်း။

သို့ဖြစ်၍ ကျေးရွာများတွင် ဇီဝဓာတ်ငွေ့ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးကို အုပ်ချုပ်ရေးပိုင်းတွင် တာဝန်ရှိသူများက စည်းရုံး ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဧရာဝတီတိုင်းအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးမှု အခြေအနေ၊ ပိုးမွှားကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေ၊ ငါးနှင့် ပုစွန်များထုတ်လုပ်မှု အခြေအနေနှင့် ဆားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်က လပွတ္တာမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေ၊ လူနေအိမ်များ တည်ဆောက်ပြီးစီးမှု၊ Cyclone Shelter များ တည်ဆောက်ရန် နေရာရွေးချယ်ထားရှိမှု၊ လပွတ္တာမြို့အတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ထားမှု၊ မြို့တွင်းလမ်းနှင့် တံတားများ တည်ဆောက်ပြီးစီးမှုနှင့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး အခြေအနေများကို လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဟိုင်းကြီးကျွန်းမြို့နယ်အတွင်း လေဘေးသင့်ဒေသများတွင် နေအိမ်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လူနေအိမ်များ ဆောက်လုပ်ပေးရမည့် အရေအတွက်နှင့် ဆောက်လုပ်ပြီးစီးမှု၊ အလှူပစ္စည်းများ ရရှိမှုနှင့် ဖြန့်ဝေပေးမှုတို့ကို လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက တည်ဆောက်ရေးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ သယ်ဆောင်ပေးမှုနှင့် ဆေးရုံသင်္ဘောစီစဉ်ပေးမှုများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့် ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်ပေးမှုကို လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဧရာဝတီတိုင်းအတွင်း ဆက်သွယ်ရေးကွန်ရက် ကောင်းမွန်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များ ဖြန့်ဝေပေးမှုနှင့် ကျွဲ၊ နွားများရရှိမှုနှင့် ဖြန့်ဝေပေးမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ဧရာဝတီတိုင်းအတွင်းမှ မြို့တိုင်း၊ ရွာတိုင်းရှိ အိမ်တိုင်းတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် အလေ့အကျင့်များကို စီမံပေးရန်ဖြစ်ကြောင်း၊ မြို့ကြီးများတွင် စီးပွားဖြစ်ဝက်မွေးမြူ၍ ၎င်းတို့မှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများမှ ရရှိသော ဇီဝမြေဩဇာနှင့် ဇီဝစွန့်ပစ်ရည်တို့ကို အသုံးပြုပြီး စိုက်ပျိုးသည့် စံပြစိုက်ခင်းကြီးများ ထူထောင်ပေးရန်ဖြစ်ကြောင်း၊ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်ယူသုံးစွဲနိုင်ရေးကို ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ခံယူကာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။
* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။





## ကြည့်ရှုစစ်ဆေး

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်စလူမြို့၌ ဆောက်လုပ်ပြီး နေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

● **ကျောဖုံးမှ**

ရဟတ်ယာဉ်ပေါ်မှကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာရာ မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော်စံပြကျေးရွာသို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နေအိမ်များ ဆောက်လုပ်ပြီးစီးမှု၊ ကျောင်းနှင့် ဆေးပေးခန်းများ တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ကျောင်းနှင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် သဘာဝဘေးအန္တရာယ်ခံနိုင်သည့် အနေအထားကို ရည်မှန်း၍ အခိုင်အမာဆောက်လုပ်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကျေးရွာသောက်သုံးရေအတွက် စည်ပင်သာယာရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဆောက်ရွက်သည့် နေရောင်ခြည်စွမ်းအင်စနစ်သုံးလေးလက်မ စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်ဦးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ၁၂ဒသမ ၅ ကီလိုဝပ် လျှပ်စစ်မီးအား ပေးစက်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် နေအိမ်များ၌ လေကာပင်နှင့် စားသုံးသီးပင်၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ၎င်းတို့၏ စားဝတ်နေရေးနှင့် စီးပွားရေးကိစ္စများကိုမေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငွေစင်ရော်စံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာလာကြရာ နံနက်၁၁နာရီ ၁၀မိနစ်တွင် ဖျာပုံမြို့သို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်အား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် နံနက် ၁၁ နာရီ မိနစ်၂၀တွင် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖျာပုံခရိုင်ရှိ ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များ၏ ပြန်လည်တည်ဆောက်ရေးဆိုင်ရာများ၊ အသက်မွေးဝမ်းကျောင်းအလိုက် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နေမှုနှင့် Cyclone Shelter များ တည်ဆောက်ရန် လျာထားနေရာများကို ဗီဒီယိုဆလိုက်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က မိမိတို့ဒေသအတွင်းရှိ ကားလမ်းများတွင် ယာဉ်များချောမွေ့စွာ သွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက အမြဲစစ်ဆေးပြီး ပျက်စီးမှုများကိုအမြန်ပြုပြင်ရန်၊ ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ကျွဲနွားမွေးမြူသည့် လယ်သမား အိမ်ထောင်စုတိုင်း ကျွဲ၊ နွား၊ စွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်ယူ အသုံးချရေးနှင့် စိုက်ပျိုးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများက စည်းရုံးဆောင်ရွက်သွားရန်၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဇီဝမြေသြဇာ သုံးစွဲရေးတို့ကို တာဝန်ရှိသူများက အောက်ခြေအထိဆင်း၍ အသိပညာပေးခြင်း၊ လိုအပ်သောပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးရန် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးချုပ်က ဖျာပုံခရိုင် ခုတင်၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ်သိန်း ၆၀ ကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာညီညီဝင်းထံ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖျာပုံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

## သောက်သုံးရေအတွက် ပူးပေါင်းဆောင်ရွက်

**မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော် စံပြကျေးရွာတွင် သောက်သုံးရေအတွက် စည်ပင်သာယာရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်သည့် နေရောင်ခြည်စွမ်းအင်စနစ်သုံး လေးလက်မ စက်ရေတွင်းနှင့် ၁၂ဒသမ၅ကီလိုဝပ် လျှပ်စစ်မီးအား ပေးစက်တို့ကို တွေ့ရစဉ်။**

(သတင်းစဉ်)





## ပြင်စလူမြို့မှ ဆောက်လုပ်ပြီး နေအိမ်များ

**လပွတ္တာခရိုင် ပြင်စလူမြို့၌ ဆောက်လုပ်ပြီးနေအိမ်များကို ဝေဟင်မှတွေ့ရစဉ်။**

(သတင်းစဉ်)

## ငွေစင်ရော်စံပြကျေးရွာမှ ဆောက်လုပ်ပြီး နေအိမ်များ

**မော်လမြိုင်ကျွန်း မြို့နယ် ငွေစင်ရော် စံပြကျေးရွာ၌ ဆောက်လုပ်ပြီး နေအိမ်များကို ဝေဟင်မှတွေ့ရစဉ်။**

(သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ပြန်ကြားရေးဝန်ကြီးဌာနနိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၀၀ ၆။ တေးဂီတအစီအစဉ်
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၂း၅၀ ၁။ ၂၀၀၈ခုနှစ်၊ (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ အသက် (၂၁)နှစ်နှင့် အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) “ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း”
- ၄း၄၅ ၂။ သီချင်းကြီးပဒေသာ
- ၄း၅၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅း၁၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၅။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၃၀ ၆။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဆောင်
- ၆း၅၀ ၁၀။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၂၀ ၁၁။ ဆိုလိုက်ကြစို့
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ “ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ” (အခြေခံပညာအလယ်တန်းအဆင့်)
- ၁၆။ အစီအစဉ်ပြီး၏။

# ဝန်ကြီးဗိုလ်ချုပ်စောလွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများအား တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် အောက်တိုဘာ ၂၆ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ကျောက်တံတားမြို့နယ်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအားတွေ့ဆုံ၍ စီမံကိန်းရည်မှန်းချက်တာဝန်များ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေးမှာကြားကာ မှတ်တမ်းခန်းအတွင်း ဖိုင်တွဲစာရင်းဇယားမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်သူ့အင်အားဦးစီးဌာန ကွန်ပျူတာခန်းအတွင်း လူဦးရေစစ်တမ်းကောက်ယူမှု စာရင်းဇယားမှတ်တမ်းစာအုပ်များ ခင်းကျင်းပြသထားမှု၊ ပြည်နယ်နှင့်တိုင်းများ၏ သတ်မှတ်မြို့နယ်များတွင် လူဦးရေစစ်တမ်းကောက်ယူမှုအား ကွန်ပျူတာဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဌာနခွဲ၌ မှတ်တမ်းခန်းများအတွင်း ပြည်နယ်နှင့်တိုင်းများအလိုက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆိုင်ရာ မှတ်တမ်းဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ရန်ကုန်မြို့ရှိ ပြည်သူ့အင်အား ဦးစီးဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်း၌ အောက်တိုဘာ ၂၂ ရက်က အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီ ထောက်ပံ့ပေးအပ်ရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ အရာခံဗိုလ်မြင့်အုန်း(ငြိမ်း) ပေးအပ်စဉ်။**
(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

# ကမ္ဘာ့ငွေကြေးအကျပ်အတည်းနှင့် ကမ္ဘာ့အကြီးဆုံး အာမခံကုမ္ပဏီကြီး၏ကျဆုံးခန်း ခေါင်းစဉ်ဖြင့် ဟောပြောမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပြန်ကြားရေးနှင့် သတင်းနည်းပညာမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသော ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲ(၁၁/၀၇-၀၉)ကို သပြေမင်းအလုပ်အကိုင် ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ လီမိတက်၏ ကူညီပံ့ပိုးမှုဖြင့် နိုဝင်ဘာ ၁ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက "ကမ္ဘာ့ငွေကြေးအကျပ်အတည်းနှင့် ကမ္ဘာ့အကြီးဆုံး အာမခံကုမ္ပဏီကြီး၏ ကျဆုံးခန်း" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၉-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄း၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၄၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၄၂)**
- ၆း၄၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်းတွဲ -အိပ်မက်ဆိုးမှမနိုးခင် (အပိုင်း-၁၀)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၂၂။ ဖြေလိုက်ပါ
- ၂၃။ ICT သုတ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငါးကလေး (အပိုင်း-၂)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

# နိုင်ငံဖြတ်ကျော်ကုန်သွယ်ရေးအကြောင်းပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

'ပထဝီစီးပွားအလေးထား နိုင်ငံဖြတ်ကျော်ကုန်သွယ်ရေးအားထား' မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုမှ အခွင့်အလမ်းများရရှိနိုင်သည့် အပေါ် ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၄၂) ထွက်ရှိလာသည်။

ယင်းအပြင် ငွေထုပ်တွေတစ်ပွေ့တစ်ပိုက်နဲ့ ပြုံးပျော်ကြရမည့် သိန်းတစ်ထောင်သူဌေးလောင်းများ ပေါ်လာတော့မည်၊ နောက်ဆုံးပေါ် တိရစ္ဆာန်ကူးစက်ရောဂါပိုးများကို ရှာဖွေဖော်ထုတ်နိုင်မည့် အဆင့်မြင့်ဓာတ်ခွဲခန်းကြီး တည်ဆောက်ပြီးစီး၊ မြန်မာ-ဘရာဇီး နာဂစ်ရန်ပုံငွေဘောလုံးပွဲမှရရှိသော အလှူငွေများဖြင့် သမိုင်းတင်မည့် စာသင်ကျောင်း ဆောက်လုပ်မည်၊ ဌာနဆိုင်ရာသတင်းများကို ပုဂ္ဂလိကစာနယ်ဇင်းများအား ပြန်လည်ဖြေကြားရာတွင် အဆင်ပြေချောမွေ့စေရေး ဌာနဆိုင်ရာ သတင်းဆက်သွယ်ရေးနှင့် ထုတ်ပြန်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပေးအပ်၊ ပုဂံမြို့ ယွန်းပညာကောလိပ်သင်တန်းများ ဒီဇင်ဘာတွင် စတင်ဖွင့်လှစ်မည်၊ ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ဩစတြေးလျငန်းနက်တစ်စုံ ကျပ်ဆယ်သိန်းဖြင့်ရောင်းချ၊ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် နို့စားနွားမွေးမြူရေးလုပ်ကိုင်သူများကို ချေးငွေထုတ်ပေးမည်။ နုပျိုခြင်းရဲ့ လျှို့ဝှက်ချက်က စိတ်ဟာအဓိကပါဆိုတဲ့ အဆိုတော်မေခလာနှင့် အင်တာဗျူး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ 'အဝေးပြေးလမ်းခရီး'အကြောင်း စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

ထူးချွန်ထက်မြက်သော ယောကျ်ားကောင်းများတွင် အားကောင်းသောသုတ်ပိုးများရှိကြောင်း တွေ့ရ၊ 'လက်ထပ်ခဲ့စဉ်က အပျိုစင်မဟုတ်ကြောင်းကို အိမ်ထောင်သက် ၄၆ နှစ်ကြာမှ ဖွင့်ပြောသည့် ဇနီးအား ခင်ပွန်းက ဓားဖြင့်ထိုးသတ်' မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ 'ပြောရဦးမယ် သူတို့က ဒီလိုတဲ့' ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊နည်းပညာကဏ္ဍစုံလင်စွာပါရှိသည်။(သတင်းစဉ်)

# နေရောင်ခြည်စွမ်းအင်သုံးမော်တော်ကားဖြင့် မြောက်ဝင်ရိုးစွန်းအထိ သွားရောက်ရန်စီစဉ်

**တိုရွန်တို အောက်တိုဘာ ၂၈**

ကနေဒါနိုင်ငံသားတစ်ဦးသည် နေရောင်ခြည်စွမ်းအင်သုံး မော်တော်ကားထုတ်လုပ်မှုကို မြှင့်တင်အားပေးသည့်အနေဖြင့် မြောက်ဝင်ရိုးစွန်းဒေသအထိ နေရောင်ခြည်စွမ်းအင်သုံးကားဖြင့် သွားရောက်ရန်စီစဉ်ထားကြောင်း၊ ၎င်း၏ခရီးစဉ် အောင်မြင်ရေးအတွက် အကူအညီများပေးကြရန် ၎င်းက ပန်ကြားထားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကနေဒါနိုင်ငံ တိုရွန်တိုမြို့မှ မာဆယ်လိုဒါလုဇ် ဆိုသူသည် နေရောင်ခြည်စွမ်းအင်သုံးကားဖြင့် ကနေဒါနိုင်ငံတစ်ဝန်းသို့ သွားရောက်ခဲ့ရာတွင် အများပြည်သူတို့၏ ထောက်ခံအားပေးမှု ရရှိခဲ့သည်။

မိမိ၏ရည်ရွယ်ချက်မှာ ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို မြှင့်တင်အားပေးရန်ဖြစ်ကြောင်း၊ အာတိတ်စက်ဝန်းဒေသ(မြောက်ဝင်ရိုးစွန်း)အထိ နေရောင်ခြည်စွမ်းအင်သုံးကားဖြင့် သွားရောက်မည့်ခရီးစဉ်မှာ မိမိအား စိန်ခေါ်မှုတစ်ရပ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း လေယာဉ်မောင်တစ်ဦးဖြစ်သူ ဒါလုဇ်က ပြောကြားသည်။

နေရောင်ခြည်စွမ်းအင်သုံးကားဖြင့် ကနေဒါနိုင်ငံ တစ်ပတ်ပတ်နိုင်ရန် ကုမ္ပဏီများက ဒါလုဇ်အား ပံ့ပိုးကူညီခဲ့ကြသည်။ ဒါလုဇ်မောင်းနှင်ခဲ့သည့် လမ်းတစ်လမ်းမှာ ကျောက်ခဲခင်းထားသည့် လမ်းကြမ်းပါဝင်ပြီး ကီလိုမီတာ ၇၆၀ အရှည်ရှိ ယင်းလမ်းအတိုင်း ခက်ခက်ခဲခဲ သွားလာခဲ့ရသည်။

ကားတည်ဆောက်သည့် အတွေ့အကြုံမရှိခဲ့ဖူးသောဒါလုဇ်သည် ကုမ္ပဏီများ၏ နည်းပညာနှင့် ငွေကြေးအကူအညီပေးမှုကို ရယူကာ နေရောင်ခြည်စွမ်းအင်သုံးကားကို ကိုးနှစ်ကြာ တည်ဆောက်ခဲ့သည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံးကားသည် ခြောက်စက္ကန့်အတွင်း အမြန်နှုန်းကို သုညကီလိုမီတာမှ ၈၅ ကီလိုမီတာအထိ မြှင့်တင်နိုင်သည်။ ကား၏ အမြန်ဆုံးမောင်းနှင်နိုင်သည့်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ဖြစ်သည်။ နေရောင်ခြည်စွမ်းအင်သုံးကားကို ညဘက်တွင်အသုံးပြုပါက ခရီးတာ ကီလိုမီတာ ၂၀၀ အထိလည်းကောင်း၊ နေ့ဘက်နေသာချိန်တွင် အသုံးပြုပါက ခရီးတာ ကီလိုမီတာ ၅၀၀ အထိလည်းကောင်း မောင်းနှင်နိုင်သည်။

အကယ်၍ နေရောင်ခြည်စွမ်းအင်သုံးကားဖြင့် မြောက်ဝင်ရိုးစွန်းဒေသအထိ သွားရောက်နိုင်မည်ဆိုပါက ယင်းမှာ ကမ္ဘာ့စံချိန်သစ်တစ်ရပ် ဖြစ်လာမည်ဆို၏။

***အင်တာနက်။***

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၁၃)မှုတွင် ရောင်းချသူ (၁၁)ဦးအား အနည်းဆုံးထောင်ဒဏ်(၂)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်သူ နှစ်ဦးအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၈ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

## လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

# မြန်မာ-ဘရာဇီး တစ်ဖက်တစ်ဂိုးစီ သရေ

သတင်းနှင့်ဓာတ်ပုံ- စိုးညွန့်(ကြေးမုံ)

ရန်ကုန် အောက်တိုဘာ ၂၈

**မုန်တိုင်းသင့် ပြည်သူများအတွက် ကစားသည့် မြန်မာ-ဘရာဇီး ရန်ပုံငွေဘောလုံးပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်း၌ ကျင်းပရာ မြန်မာအသင်းနှင့် ဘရာဇီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။**

ပွဲမစမီမွန်းလွဲ ၁ နာရီခွဲမှစ၍ နာမည်ကြီးအဆိုတော်များ၊ ရုပ်ရှင်သရုပ်ဆောင်များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။ ရန်ပုံငွေဘောလုံးပွဲကို ညနေ ၃နာရီခွဲတွင် စတင်ရာ နှစ်ဖက်ဘောလုံးသမားများအား အမျိုးသမီးငယ်များက ပန်းစည်းကမ်းကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် မုန်တိုင်းကြောင့် ကွယ်လွန်ခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ကြသည်။

**ဘရာဇီးအသင်း - တစ်ဂိုး**

(ပေါ်လိုဆာဂျီယို)

**မြန်မာအသင်း - တစ်ဂိုး**

(ဇော်ထိုက်)

**ဒိုင်လူကြီး - ဦးစိုးမိုးကျော်**

မြန်မာအသင်းသည် ဘရာဇီးအသင်းနှင့် ဘောလုံးပညာ၊ ခြေစွမ်းအရကွာခြားမှုရှိခဲ့သော်လည်း ကြိုးစားကစားခဲ့ပြီး မိနစ် ၆၀ ကျော်မှာ ဇော်ထိုက်သွင်းယူသည့် ချေပဂိုးဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ ပရိသတ်အားပေးမှုမှာလည်း ပထမပွဲထက် ပိုမိုများပြားခဲ့ပြီး နှစ်သင်းစလုံးကလည်း ကြိုးစားယှဉ်ပြိုင်ခဲ့၍ ပရိသတ်များ အားပေးရကျိုး နပ်ခဲ့သောပွဲတစ်ပွဲဟု ဆိုရမည်ဖြစ်သည်။

မြန်မာအသင်းသည်ပထမပွဲကစားခဲ့သည့် လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး ဂိုး-တင်မောင်သိန်း၊ နောက်တန်း-ကျော်မင်း၊ တင့်ဇော်၊ မိုးကျော်သူ၊ အေးဆန်း၊ မောင်မောင်ကြီး၊ အလယ်တန်း - တင်မြင့်အောင်၊ သန်းတိုးအောင်၊ စန်းမောင်၊ ဇော်ထိုက်နှင့်ရှေ့တန်းတွင် မျိုးလှိုင်ဝင်း တစ်ဦးတည်းကို အထောင်ထားပြီးပွဲထွက်ခဲ့သည်။ ဘရာဇီးအသင်းမှာလည်း ပေါ်လိုဆာဂျီယို၊ ဂျီယိုဗန်နီ၊ ဆယ်ဗီယိုတို့နဲ့ လူစုံပါဝင်ခဲ့ကြသည်။

ပထမပိုင်းတွင် ဘရာဇီးအသင်းခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး မြန်မာအသင်းမှာကစားကွက်တည်မရဖြစ်နေခဲ့သည်။ ပွဲအစပိုင်းတွင် ဘရာဇီးအသင်းဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း မြန်မာနောက်ခံလူများနှင့် ဂိုးသမား တင်မောင်သိန်းတို့ ဖျက်အားကောင်းနေ၍ ဘရာဇီးဂိုးမရဖြစ်နေသည်။ ၃၃မိနစ်တွင် ဘရာဇီးဂိုးစရသွားပြီး ဥရောပအထိ ခြေဆန့်ပြီး ကလပ်ပေါင်းများစွာ ကစားခဲ့သည့် ပေါ်လိုဆာဂျီယိုက သွင်းယူသွားခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းကစားပုံကောင်းလာပြီး လက်ရှိ လက်ရွေးစင်ကစားသမားများ ဖြစ်သည့် စိုးမြတ်မင်း၊ အောင်မျိုးသန့်၊ မျိုးမင်းထွန်း၊ ခင်မောင်လွင်နှင့် ဟန်ဝင်းအောင်တို့ပါလာ၍ ကစားအားတက်လာသည်။ မြန်မာအသင်းမှာ ဘရာဇီးတိုက်စစ်ကို မလွတ်တမ်းဖျက်ထုတ်ပြီး အခွင့်အရေးရသည်နှင့် တိုက်စစ်ဆင်ကစားခဲ့သည်။ ၅၈ မိနစ်တွင် စိုးမြတ်မင်း၏ အပိုင်ကန်သွင်းမှုကို ဘရာဇီးဂိုးသမား ဖေဘီယို လက်စွမ်းပြကာကွယ်နိုင်ခဲ့သော်လည်း ၆၆ မိနစ်တွင်ဇော်ထိုက်၏ကန်သွင်းမှုကိုမည်သို့မျှမကာကွယ်နိုင်ဘဲ ချေပဂိုးပြန်ပေးလိုက်ရသည်။ချေပဂိုးရသွား၍ မြန်မာတိုက်စစ် ပိုကောင်းလာပြီး ရှေ့တန်းမှ မျိုးလှိုင်ဝင်းနှင့် စိုးမြတ်မင်း၊ အလယ်တန်းမှ မျိုးမင်းထွန်း၊ အောင်မျိုးသန့်၊ ဇော်ထိုက်တို့၏ တိုးအားများဖြင့် ဆက်တိုက် တိုက်စစ်ဆင်လာသည်။ ထို့နောက်ပိုင်းတွင် စိုးမြတ်မင်း အနိုင်ဂိုးရနိုင်မည့် အခွင့်အရေးနှစ်ကြိမ်ရရှိခဲ့သော်လည်း တိုင်တစ်ကြိမ်ထိထွက်သွားပြီး နောက်တစ်ကြိမ်မှာ ဘေးထွက်သွား၍ အနိုင်ဂိုးနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းတွင် ဂိုး- တင်မောင်သိန်း၊ နောက်တန်း - ကျော်မင်း (ဟန်ဝင်းအောင်)၊ တင့်ဇော်၊ မိုးကျော်သူ၊ အေးဆန်း၊ မောင်မောင်ကြီး (ခင်မောင်လွင်)၊ အလယ်တန်း- သန်းတိုးအောင် (အောင်မျိုးသန့်)၊ တင်မြင့်အောင် (စိုးမြတ်မင်း)၊ စန်းမောင် (မျိုးမင်းထွန်း)၊ ဇော်ထိုက် (ရန်ပိုင်)၊ ရှေ့တန်း- မျိုးလှိုင်ဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။

ပွဲအပြီးတွင် ပေါ်လိုဆာဂျီယိုက မြန်မာဘောလုံးပရိသတ်များကိုကျေးဇူးတင်စကားပြောကြားပြီး ပျူငှာဖော်ရွေသော မြန်မာဘောလုံးပရိသတ်များကို ဘရာဇီးနိုင်ငံသို့ရောက်ပါက ၎င်းတို့အိမ်ကို အလည်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်းသိရသည်။

(ကြေးမုံ)



ဘရာဇီးကစားသမားတစ်ဦး မြန်မာ ပရိသတ်များအား နှုတ်ဆက်စဉ်။



မြန်မာမှ မောင်မောင်ကြီးနှင့် ဘရာဇီး ကစားသမား တစ်ဦးတို့ အကြိတ်အနယ်။

## ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာနိုင်ငံမှ ရွှေတံဆိပ် တစ်ခုရရှိ

**ရန်ကုန် အောက်တိုဘာ ၂၈**

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ အောက်တိုဘာ ၂၅ရက်မှ ၃၀ရက်အထိ ကျင်းပသည့် တတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ Compound တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ မအောင်ငိုမ်းက ရွှေတံဆိပ်တစ်ခုနှင့် တစ်ဦးချင်းမီတာ၇၀ မြား ၇၂ချောင်း အမှတ်ပေးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိသွားသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဘူတန်၊ ဟောင်ကောင်၊ ထိုင်း၊ မွန်ဂိုလီးယား၊ ဆော်ဒီအာရေဗျ၊ ကာတာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အမျိုးသား/အမျိုးသမီး အားကစားသမား ၁၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သက်ရှိ
လောက
တည်မြဲဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

## အကြွေးကိစ္စ စကားများရာမှ ဓားထိုးမှုကျူးလွန်သူအား ဖမ်းဆီးအရေးယူ

ရန်ကုန် အောက်တိုဘာ ၂၈

**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဆင်ရေတွင်းမှတ်တိုင်အနီး လူသတ်မှုဖြစ်ပွားခဲ့မှုကို ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့နှင့် ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ဖော်ထုတ်နိုင်ခဲ့သည်။**

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၂၂ ရက် ညနေ ၃နာရီခန့်က ကမာရွတ်မြို့နယ် အမှတ်(၂) ရပ်ကွက်၊ ဆင်ရေတွင်းမှတ်တိုင်အနီးတွင် ဓားထိုးမှုဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် ကမာရွတ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဓားဖြင့်အထိုးခံရသူများမှာ ဇုန်ရော်(၂၃)နှစ်နှင့် စိုင်းခွန် (၂၆)နှစ်၊ တိုက်(၁၆)၊ အခန်း-၂/ဘီ၊ ဆင်ရေတွင်း(၁)လမ်း၊ (၂) ရပ်ကွက်၊ကမာရွတ်မြို့နယ် နေသူများဖြစ်ပြီး ဇုန်ရော်မှာ ညာဘက်ရင်အုံထိုးသွင်းပြတ်ရှဒဏ်ရာ၊ ဝမ်းဗိုက်ချက်တိုင်တွင် ထိုးသွင်းပြတ်ရှဒဏ်ရာများရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် သေဆုံးသွားသဖြင့် ကမာရွတ်ရဲစခန်းမှ (ပ)၂၇၉/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂/၃၂၆ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့နှင့် ကမာရွတ်ရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာပြစ်မှုကျူးလွန်သူနဘာလအောင် (၂၃)နှစ်၊(ဘ)ဦးဇော်အောင်၊ မ-၁၃၁၊ အောင်ဇေယျလမ်း လွတ်လပ်ရေးရပ်ကွက် အလုံမြို့နယ်နေသူအား အောက်တိုဘာ ၂၂ရက် ည ၁၀နာရီ မိနစ် ၄၀တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတည်းခိုခန်း၌ တည်းခိုနေစဉ် ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ နဘာလအောင်အား စစ်မေးရာ အကြွေးကိစ္စ စကားများ ရန်ဖြစ်ရာမှ ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ၎င်းအား ကမာရွတ်ရဲစခန်းမှ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံအောက်ပိုင်းတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၂၈

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်း ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းတွင်ဒေသအလိုက် မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ နေပြည်တော်(ရေဆင်း)တွင် ၀ဒသမ ၈၆လက်မ၊ နေပြည်တော်(အေလာ) တွင် ၀ ဒသမ ၂၈ လက်မ၊ နေပြည်တော် တပ်ကုန်းတွင် ၀ ဒသမ ၂၀ လက်မ၊ မိုးကုတ်မြို့တွင် ၃ဒသမ ၃၉လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၆၀လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၂၅လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၁၃လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၀၁လက်မ၊ ဗန်းမော်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ကသာမြို့နှင့် မိတ္ထီလာမြို့တို့တွင် ၁ ဒသမ ၅၇ လက်မစီနှင့် ရမည်းသင်းမြို့တွင် ၁ဒသမ၅၀ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၉ရက် ညနေထိ ခန့်မှန်းချက်။** ။ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၂၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၀ ဒီဂရီဖာရင်ဟိုက်) ၂၇-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) ၂၈-၁၀-၂၀၀၈

၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း ၂၈-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း (၀ ဒသမ ၂)နာရီခန့် ၂၇-၁၀-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၈-၁၀-၂၀၀၈ | ၁၂မမ(၀ဒသမ၄၈လက်မ) | ၁၁မမ(၀ဒသမ၄၃လက်မ) | ၂၁မမ(၀ဒသမ၈၃လက်မ) |
| ၁-၁-၂၀၀၈မှ | ၂၇၃၆ မမ | ၃၀၂၉မမ | ၃၅၀၈မမ |
| ယနေ့အထိ | (၁၀၇ဒသမ၇၂လက်မ) | (၁၁၉ဒသမ၂၅လက်မ) | (၁၃၈ဒသမ ၁၁လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၈-၁၀-၂၀၀၈ ရက် ၉း၃၀နာရီတွင် အနောက်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။



**မြစ်ကြီးနားအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၁၈ ရက်က ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံကြီး၌ ကျင်းပရာ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက (၄) တာမွေမှ ငါးဘာသာဂုဏ်ထူးရှင် မခင်ယွန်းဖြူအား သဘာပတိ ဦးထွန်းသိန်း ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်စဉ်။** (ကြေးမုံ)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော် စံပြကျေးရွာတွင် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၈ ခုနှစ် အောက်တိုဘာ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရီဆက် တေယစ် အာဒိုဂန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်စလူမြို့နှင့် ငွေစင်ရော်စံပြကျေးရွာ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၈

**အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက်စနာရီ ၁၀မိနစ်တွင် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ လမ်းခရီးတစ်လျှောက်ရှိ မိုးစပါးစိုက်ပျိုးဖြစ်ထွန်းမှုနှင့် စပါးများ သီးမှည့်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နံနက်စနာရီ ၄၅မိနစ်တွင် လပွတ္တာခရိုင် ပြင်စလူမြို့သို့ ရောက်ရှိသည်။**

ထို့နောက် ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ရှင်းလင်းခန်းမ၌ ဝန်ကြီးချုပ်အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက Cyclone Shelter များ တည်ဆောက်ရန် နေရာရွေးချယ်ထားမှု၊ နေအိမ်များ ဆောက်လုပ်ပြီးစီးမှု၊ လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းတင့်က လပွတ္တာ-သယ်န်းကြီး-ပြင်စလူလမ်း ဖောက်လုပ်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က ဆောက်လုပ်ပေးထားသည့် နေအိမ်များ လေပြင်းဒဏ် ခံနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို အကြံပြုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား နေအိမ်များ လေဒဏ်ခံနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို နေအိမ်ကားချပ်ဖြင့် အသေးစိတ် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆောက်လုပ်ပြီးနေအိမ်များ၌ နေထိုင်လျက်ရှိသည့် မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်း အခြေအနေများကို မေးမြန်းပြီး မိမိတို့၏ နေအိမ်ဝင်းများအတွင်း သီးနှံပင်များကို အောင်မြင်အောင် စိုက်ပျိုးရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ပြင်စလူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိုက်ပျိုးထားသည့် ဧက၁၀၀ စပါးစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေ၊ Cyclone Shelter ဆောက်လုပ်ရန် ရွေးချယ်ထားသည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်စလူမြို့မှ ပြန်လည်ထွက်ခွာခဲ့စဉ် ပြင်စလူမြို့ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးအခြေအနေများကို **စာမျက်နှာ ၉ ကော်လံ ၁ သို့**

မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော် စံပြကျေးရွာကို တွေ့ရစဉ်။

(သတင်းစဉ်)

